မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂) အမှတ် (၂၆၄)

■ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် ၂၀၁၃ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မိမိတို့အစိုးရအနေဖြင့် ထင်သာမြင်သာသည့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးမြှင့် လူမှုစီးပွားဘဝ သိသာစွာဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား

စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံကိန်းကော်မရှင်အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

"ရန်ကုန် တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်ရဲ့ ဘာသာရပ်တစ်ခုစီမှာ ထူးချွန်ကျောင်းသား ၁၅ ဦးစီ ရွေးချယ်ပြီး ပထမနှစ်သင်တန်းမှ စတင်သင်ကြားပြီး ပါရဂူဘွဲ့ရသည်အထိ အထူးပြုစုပျိုးထောင်မည့် သိပ္ပံချွန်/ဝိဇ္ဇာချွန်ဆုအစီအစဉ်ရှိ"

သတင်းဆောင်းပါး စာမျက်နှာ ➤ ၉

ရွှေဂုံတိုင်ခုံးကျော်တံတား ၄၀ ရာခိုင်နှုန်းပြီးစီးနေ

အမေး/အရေး - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၅

စီးပွားရေးမြို့တော် ရန်ကုန်တွင် လမ်းတိုင်းနီးပါး ကားများ ပိတ်ကျပ်လာသည်။ လမ်းဆုံမီးပွိုင့်တိုင်း ကားတန်းရှည်များက တစ်မျှော်တစ်ခေါ် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေမှုကြောင့် လမ်းဆုံမီးပွိုင့်များတွင် ကားလမ်းခုံးကျော်တံတားများ တည်ဆောက်ပေးလျက်ရှိရာ ရွှေဂုံတိုင်လမ်းဆုံခုံးကျော်တံတားလည်း တည်ဆောက်နေပြီဖြစ်သည်။

ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ပြည်သူများသိရှိရန် ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းဒါရိုက်တာ ဦးအေးသော်နှင့် သတင်းအဖွဲ့သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို သိရှိလိုပါတယ်။

ဖြေ ။ ။ ခုံးကျော်တံတား တည်ဆောက်မှုရဲ့ မြေအောက်နဲ့ မြေပြင်လုပ်ငန်းတွေအားလုံး ပြီးစီးမှုအခြေအနေက ၄၀ ရာခိုင်နှုန်းရှိနေပါပြီ။ *စာမျက်နှာ ၅ ကော်လံ ၃* ▲

ရွှေဂုံတိုင်ခုံးကျော်တံတား ဘိုးပိုင်လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူသားအားလုံး၏အန္တရာယ် ဝိုင်းဝန်းကာကွယ်

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်ရာ နိုင်ငံအသီးသီးရင်ဆိုင်နေရသည့် စီးပွားရေး၊ လူမှုရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အန္တရာယ်ပြုနေသော မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုပြဿနာကို နိုင်ငံအားလုံးက ဝိုင်းဝန်းတိုက်ဖျက်ရန် ရည်ရွယ်ကျင်းပသောနေ့ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှတိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုသည့် မဟာဗျူဟာနှစ်ရပ်ကို နည်းဗျူဟာသုံးရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်း၍မရနိုင်ဘဲ နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် MoU အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံနားလည်မှုစာချွန်လွှာဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံတွင် မေလ ၉ ရက်နေ့က ကျင်းပခဲ့ပြီး နေပြည်တော်ကြေညာစာတမ်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် UNODC တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

နေပြည်တော်ကြေညာစာတမ်းထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက်မှာ ပြောင်းလဲလာသည့် မူးယစ်ဆေးဝါး အန္တရာယ်များနှင့်အညီ ပြည့်စုံကောင်းမွန်သော မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများ ပေါ်ထွက်လာစေရန် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူလူထု အသိပညာပေးမှု၊ ပြန်လည်ထူထောင်ရေးနှင့် မူးယစ်ဆေးဝါး နောက်ဆက်တွဲအန္တရာယ်များလျော့ချရေး စသည့်နယ်ပယ်အသီးသီးမှ အတွေ့အကြုံကောင်းနှင့် သင်ခန်းစာများဖလှယ်ရေး၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့အစည်းများနှင့် အချင်းချင်းကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေး၊ ပရိကာဆာထိန်းချုပ်ရေး၊ ရန်ပုံငွေရရှိရေးနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာများကို ပိုမိုပီပြင်လာစေရေးတို့ကို အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအဆင့်တွင် ဦးစားပေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

"ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆို ကင်းစင်မှ" ဆောင်ပုဒ်အရ မူးယစ်ဆေးဝါးပြဿနာအားလုံး ကမ္ဘာ့မြေမှ လုံးဝချုပ်ငြိမ်းသွားမှသာ လူသားအားလုံး၏ဘဝသည် ကျန်းမာပျော်ရွှင်သည့်ဘဝကို ရောက်ရှိမည်ဖြစ်၍ မူးယစ်ဆေးဝါးအန္တရာယ်ဆိုး ပျောက်ကွယ်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်မှာ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်နှင့်အဖွဲ့ ရေသန့်ရေတွင်းများ လှူဒါန်းပွဲတက်ရောက်

နေပြည်တော် ဇွန် ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော် Ven. Shi Chang နှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်အတူ ဇွန် ၂၄ ရက် နံနက်ပိုင်းက ပုသိမ်မြို့သို့ရောက်ရှိကြပြီး ကျုံပျော်မြို့ ပျဉ်ချဆိပ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ သောက်ရေသန့်ရေတွင်း တူးဖော်မည့်နေရာသို့ ရောက်ရှိကြသည်။ ထို့နောက် ရွာသစ်ကျေးရွာ သောက်ရေသန့်တွင်း လှူဒါန်းပေးအပ်ပွဲ၊ ငသိုင်းချောင်းမြို့နယ်ခွဲ မြို့သစ်ရပ်ကွက်ရှိ သောက်ရေသန့်တွင်းလှူဒါန်းပေးအပ်ပွဲတို့ကို တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှုခင်းကြိုတင်ကာကွယ်ရေး တပ်ကုန်းတွင် ဆွေးနွေး

တပ်ကုန်း ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက် ညနေ ၄ နာရီက တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်က မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ မှုခင်းဖြစ်ပွားမှုအခြေအနေ၊ မုဒိမ်းမှုဖြစ်ပွားရသည့်အကြောင်းနှင့် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ၊ လောင်းကစားမှု လျော့နည်းပပျောက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ မြို့မိ မြို့ဖများက ပြန်လည်အကြံပြုဆွေးနွေးကြသည်။ **(ဝဲပုံ)** **(ဝ၂၁)**

တန်ဖိုးနည်းဖုန်းဆင်းကတ်များ မဲစနစ်ဖြင့်ရောင်းချပေးပါသော်လည်း မတူကွဲပြားမှုများရှိနေသဖြင့် အမှန်တကယ်သုံးစွဲလိုသူများ အခက်တွေ့

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ဆင်းရဲချမ်းသာမရွေး တန်းတူညီမျှဖြင့် နိုင်ငံတော်မှ တန်ဖိုးနည်း ၁၅၀၀ ကျပ်တန် ဖုန်းဆင်းကတ်များကို မဲစနစ်ဖြင့် ခွဲတမ်းအရ ရောင်းချပေးလာသည်မှာ တတိယအကြိမ်မြောက်ရောက်ရှိလာပြီဖြစ်သည်။

မဲစနစ်ဖြင့် တန်ဖိုးနည်းဖုန်းကတ်များကို ပြည်သူများအား ရောင်းချပေးပါသော်လည်း တစ်နေရာနှင့် တစ်နေရာ တစ်ပုံစံတည်းမဟုတ်ဘဲ ဒေသအလိုက် မတူကွဲပြားမှုများရှိနေသည်။

အချို့ဒေသများတွင် အိမ်ထောင်စုအလိုက် မဲစနစ်ဖြင့် ရောင်းချပေးသလို အချို့ဒေသများ၌ မှတ်ပုံတင်ရှိသူမှန်သမျှ မဲစနစ်ဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

"ကျွန်မတို့လမ်းထဲမှာ ၂၅ အိမ်ရှိပါတယ်။ လူမနေတာက ငါးအိမ်ရှိတယ်။ ဒါကြောင့် အိမ် ၂၀ ပဲရှိပါတယ်။ အိမ်ထောင်စု ၂၀ ရှိတယ်ပေါ့နော်။ ကျွန်မတို့လမ်းက ဖုန်းကတ်တစ်ကြိမ်ကို နှစ်ကတ်ရတယ်။ ခုသုံးကြိမ်မြောက်ဖြစ်လို့ ခြောက်ကတ်ရပြီးဖြစ်ပါတယ်။ အိမ်ထောင်စုအလိုက် မဲစနစ်အရ ခွဲတမ်းနဲ့ ရောင်းချပေးရင် အိမ်ထောင်စု ခြောက်စုရပြီဖြစ်လို့ ၁၄ အိမ်ပဲ ကျန်တော့မယ်လေ။ ကျွန်မတို့လမ်းထဲမှာ မကြာခင် ဖုန်းကတ်ကို အိမ်တိုင်းလိုလိုရဖို့က နီးပြီပေါ့နော်" ဟု ပြောပြသည်။

ယင်းက ဆက်လက်၍ "ဒါပေမယ့် အခု ကျွန်မတို့လမ်းထဲမှာ မဲစနစ်နဲ့ ခွဲတမ်းချရောင်းပေးသူက မှတ်ပုံတင်ရှိသူမှန်သမျှ အကုန်မဲနှိုက်၊ မဲပေါက်ရင် ပေါက်တဲ့သူရမယ်ဆိုပြီး အဲဒီစနစ်နဲ့လုပ်တော့ အိမ်တစ်အိမ်မှာ မှတ်ပုံတင်ရှိသူ ငါးဦးရှိရင် အိမ် ၂၀ ရှိတဲ့အတွက် မှတ်ပုံတင်ရှိသူ အယောက် ၁၀၀ လောက်ဖြစ်သွားတယ်။ တန်ဖိုးနည်းဖုန်းရဖို့ စိတ်ကူးထဲမှာပဲ မျှော်လင့်နေရဦးမှာပဲ"လို့ ပြောပြသည်။

မှတ်ပုံတင်ရှိသူကို မဲစနစ်ဖြင့် ရောင်းချပေးသည့်အတွက် အချို့အိမ်များ၌ တစ်အိမ်ထဲတွင် ဖုန်းကတ်သုံး လေးကတ်လောက်ရသည်ဟု သိရသည်။ မိမိကုသိုလ်ကံအကျိုးပေးကြောင့် ရရှိသည်ကို မုဒိတာပွားသော်လည်း အချို့အိမ်များက ပေါက်သည့် ဖုန်းကတ်များကို မလိုသောကြောင့် တစ်ဆင့်ပြန်ရောင်းကြောင်း သိရသည်။ ၁၅၀၀ ကျပ်တန် တန်ဖိုးနည်းဆင်းကတ်များ တစ်ဆင့်ပြန်ရောင်းသည့် ဈေးနှုန်းမှာ ငွေကျပ် ၂၅၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ ခန့်အထိရှိသည်ဟု သိရသည်။

သို့ပါ၍ တာဝန်ရှိသူများက ပထမအဆင့် အိမ်တိုင်းဖုန်းမရှိမဖြစ်ရစေရန် အိမ်တိုင်းစေ့ အိမ်ထောင်စုအလိုက် မဲစနစ်ဖြင့် ရောင်းချပေးပြီး အိမ်တိုင်းစေ့ တန်ဖိုးနည်း ဖုန်းကတ်ရပြီဆိုလျှင် ဒုတိယအဆင့် မှတ်ပုံတင်ရှိသူမှန်သမျှ တန်ဖိုးနည်း ဖုန်းကတ်များကို မဲစနစ်ဖြင့် ရောင်းချပေးစေချင်ပါကြောင်း၊ သို့မှသာ အိမ်တိုင်းစေ့ အမှန်တကယ်သုံးစွဲလိုသူများအတွက် အဆင်ပြေမည်ဖြစ်ပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြအပ်ပါသည်။ **ဦးမောင် (သဲကုန်း)**

ထင်သာမြင်သာ ပြုပြင်စရာ

သင့်လုပ်ငန်း ကြီးပွားတိုးတက်ဖို့ မြန်မာ့အလင်းတွင် ကြော်ငြာစို့

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ မော်စကိုစစ်တိုင်းမှူး Major General Sclozenov ဂုဏ်ပြု ကြိုဆို

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကျဆုံးစစ်သည်များ အမှတ်တရကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချရန် သွားရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေး ဝန်ကြီး General Of The Army Sergey K. SHOIGU ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဇွန် ၂၃ ရက်တွင် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကို စစ်တိုင်းမှူး Major General Sclozenov က ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ Poklonnaya Gora ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုစစ်တိုင်းမှူးက ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အလေးပြုခံစင်မြင့်၌ နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီး ဂုဏ်ပြုတပ်ဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုသည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကျဆုံးစစ်သည်များ အမှတ်တရကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုအဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ကင်းစင်သောနိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာ-

(၂၀၁၃ ခုနှစ် ဇွန်လ ၂၆ ရက်)

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထိမ်းအမှတ် အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကျင်းပနေမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် တစ်နိုင်ငံလုံးမှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် မီးရှို့ဖျက်ဆီးပွဲများ ကျင်းပနေကြမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ ကိုယ်ပိုင်စွမ်းအားအရင်းအမြစ်များအပေါ် အခြေခံလျက် ကြိုးပမ်းဖြေရှင်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး စီမံကိန်းများ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ ၁၅ နှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိရာမှ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် နောက်ထပ် (၅)နှစ်သက်တမ်းတိုးမြှင့်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်ထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နိုင်ငံတကာတားဆီးနှိမ်နင်းရေးအဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ဘိန်းစိုက်ပျိုးလျက်ရှိသောဒေသများအတွင်း ဘိန်းစိုက်ခင်းများဖျက်ဆီးပြီး အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းများကို UNODC ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ အဆင့်နိမ့်ဘိန်း၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဓာတုပစ္စည်းမျိုးစုံတို့အား ဖမ်းဆီးရမိခဲ့ရာ အမှုပေါင်း ၄၀၀၆ မှုမှ ပြစ်မှုကျူးလွန်သူ တရားခံ ၅၇၄၀ ဦးအား ဥပဒေအရ အရေးယူနိုင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးသုံးစွဲသူများကိုလည်း ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများတွင် သဟဇာတဖြစ်စေမည့် ချဉ်းကပ်မှုများကို ပေါင်းစပ်ဆောင်ရွက်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အစွမ်းကုန်ဆောင်ရွက်နေသည့်နည်းတူ နိုင်ငံအတွင်းရှိ မိသားစုများ၊ ကျောင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများမှလည်း မိမိတို့တတ်စွမ်းသရွေ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအား လူမှုအဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွဆေးများသည် လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်ပါသည်။ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများသည် ကမ္ဘာတစ်ဝန်း၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်ဆီးဆုတ်ယုတ်စေသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ ဦးတည်ချက်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံးမှ ပေးပို့သော ဆောင်ပုဒ်မှာ **“ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆို ကင်းစင်မှ”** Make health your “ new high ” in life, not drugs ဖြစ်ပါသည်။ ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်မှသာ ကျန်းမာရေးပြည့်စုံကောင်းမွန်ပြီး ပျော်ရွှင်ချမ်းမြေ့မှုများ ဘဝတစ်လျှောက်လုံး ရရှိခံစားနိုင်မည်ဖြစ်၍ လူသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရမည်ဟု ဖော်ညွှန်းပါသည်။

သို့ဖြစ်၍ ကျန်းမာပျော်ရွှင်သည့်ဘဝများကို ရရှိပိုင်ဆိုင်နိုင်ကြစေရန် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို လူငယ်ထု၊ ပြည်သူလူထု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် NGO များ ပူးပေါင်းပါဝင်ပြီး စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ ကြေညာချက်ထုတ်ပြန်

အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ
ကြေညာချက်အမှတ် ၁/၂၀၁၃
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်း၊ အတွဲ (၁၈၂)၊ အမှတ်(၁)နှင့်စပ်လျဉ်း၍ ကြေညာခြင်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်း၊ အတွဲ(၁၈၂)၊ အမှတ်(၁)တွင် သံဃာတော် ဦးဝီရသူအား မျက်နှာဖုံးတင်၍ The Face of Buddhist Terror ဆောင်းပါးကို ဖော်ပြခဲ့သည်။

တိုင်းမ်မဂ္ဂဇင်း၏ ဖော်ပြချက်သည် ဗုဒ္ဓဘာသာသာသနာအပေါ် အထင်အမြင်လွဲမှားစေပြီး နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဘာသာပေါင်းစုံတို့အကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်နေခြင်းကိုလည်း ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်အညီ လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းများ ထပ်မံမဖြစ်ပွားစေရေးအတွက် ကာကွယ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်း၊ အတွဲ(၁၈၂)၊ အမှတ်(၁)ပါ The Face of Buddhist Terror ဆောင်းပါးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မူရင်းစာစောင်အတိုင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ချိခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ရန် အများပြည်သူအကျိုးငှာ ကြေညာလိုက်သည်။

အမိန့်အရ
အတွင်းရေးမှူး
အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ

ယနေ့ မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတကာသတင်း

တရုတ်နိုင်ငံတွင် မုန်တိုင်းကြောင့် မွေးမြူရေးခြံစည်းရိုးပျက်စီး မိကျောင်း ၁၀၀ ကျော် လွတ်မြောက်သွားခဲ့

ကွမ်ကျိုး ဇွန် ၂၅

တရုတ်နိုင်ငံကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့တွင်းရှိ မွေးမြူရေး ခြံတစ်ခြံမှ မိကျောင်းများမကြာသေးမီက လွတ်မြောက်သွားရာ တွေ့ရှိဖမ်းဆီးနိုင်ခြင်းမရှိသေးသဖြင့် ဒေသခံများ ထိတ်လန့်ပူပန်နေကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒေသတွင်းသတင်းများတွင် မုန်တိုင်းကြောင့် မွေးမြူရေးခြံစည်းရိုးကျိုးပေါက်ခဲ့ပြီး မိကျောင်းကောင်ရေ ၁၀၀ ကျော်ထက်မနည်း လွတ်မြောက်သွားပြီး ဖေးမာမြစ်အတွင်း ရောက်ရှိသွားခဲ့သည်ဟု ဖော်ပြသည်။

မွေးမြူထား

မွေးမြူရေးခြံပိုင်ရှင်နှင့် အာဏာပိုင်အဖွဲ့အစည်းက လွတ်မြောက်သွားသည့် မိကျောင်းကောင်ရေကို ထိုမျှလောက် မများကြောင်း ငြင်းဆန်သော်လည်း အရေအတွက် အတိအကျ ပြောဆိုခြင်းကို နှုတ်ဆိတ်နေဆဲဖြစ်သည်။ မွေးမြူရေးခြံဝင်းကြီးအတွင်း မိကျောင်းကောင်ရေ ၁၀၀၀၀၀ ကျော် မွေးမြူထားခဲ့ကြောင်းအာဏာပိုင်များက ဆိုသည်။

ဖမ်းဆီးစားသောက်

ကလေးငယ်တစ်ဦး မိကျောင်းတစ်ကောင်ကို အပြင်ဘက်တစ်နေရာတွင် မြင်ပြီးမှ စည်းရိုးကျိုးပေါက်ခြင်းကို သိကြခြင်းဖြစ်သည်။ မိကျောင်းခြောက်ကောင်ကို ပြန်လည်ဖမ်းမိကြောင်း၊ နှစ်ကောင်မှာဒေသခံတို့က ဖမ်းဆီးစားသောက်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းအရ သိရသည်။

ကျိုးပေါက်သွားသော စည်းရိုးကို ပြန်လည်ပြုပြင်ပြီးကြောင်း နောက်တစ်ကြိမ် ယခုလိုအဖြစ်မျိုး ထပ်မံမပေါ်ပေါက်နိုင်တော့ကြောင်း ခြံပိုင်ရှင် မိုက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

ကာတာစော်ဘွားက သားဖြစ်သူကို ထီးနန်းလွှဲ

ဒိုဟာ ဇွန် ၂၅

ကာတာစော်ဘွား ရှိတ်ဟာမက်ဘင်ခါလီဖာအယ်လ်တာနီသည် ၎င်း၏ထီးနန်းအမွေကို သားဖြစ်သူ ရှိတ်တာမင်ဘင်ဟာမက်အယ်လ်တာနီကို လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ဇွန် ၂၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကာတာစော်ဘွားရှိတ်ဟာမက်က သူ့အနေဖြင့် မျိုးဆက်သစ်ကို ထီးနန်းလွှဲပေးရမည့် အချိန်ကျရောက်ပြီဖြစ်ကြောင်း ကာတာရုပ်မြင်သံကြားမှ တစ်ဆင့် ထုတ်လွှင့်ပြောကြားခဲ့သည်။

အသက် (၃၃ နှစ်)အရွယ်ရှိ ရှိတ်တာမင်က (၆၁နှစ်) ရှိ ဖခင်ဖြစ်သူထံမှ အာဏာသိမ်းရန် ကြိုးစားနေသည်ဟူသော ကောလာဟလသတင်းများမှာလည်း အဆုံးသတ်သွားသည်။

စော်ဘွားရှိတ်ဟာမက်ကလည်း ကာတာအခြေစိုက်အယ်လ်ဂျာဇီးရာ ရုပ်မြင်သံကြားမှတစ်ဆင့် ယင်းကိစ္စကို ၎င်း၏တော်ဝင်မိသားစု အသိုင်းအဝိုင်းနှင့် အကြံပေးအမတ်များနှင့် တိုင်ပင်ပြီး ဇွန် ၂၄ ရက်က ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကာတာစော်ဘွားက ၎င်း၏ ဆုံးဖြတ်ချက်သည် လူငယ်များကို လမ်းဖွင့်ပေးခြင်းဖြစ်သည်ဟူ၍လည်း ပြောကြားသည်။ သားဖြစ်သူရှိတ်တာမင်သည် လက်ရှိ တပ်မှူးတစ်ဦးဖြစ်သည်။ ကာတာစော်ဘွားက သားဖြစ်သူ၏အသက်အရွယ်နှင့် လိုက်ဖက်မှုရှိစေရန် ငယ်ရွယ်သော ဝန်ကြီးများကိုလည်း အစားထိုးရန်ပြင်ဆင်လျက်ရှိသည်။ ဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးအဖြစ် နှစ်ကာလကြာရှည်စွာတာဝန်ထမ်းဆောင်နေသော ရှိတ်ဟာမက်ဘင်ဂျက်ဆင်အယ်လ်တာနီသည် ရာထူးမှဆင်းပေးရဖွယ်ရှိသည်။

ကာတာနိုင်ငံတွင် အယ်လ်တာနီမိသားစုသည် နှစ်ပေါင်း ၁၅၀ နီးပါး စိုးမိုးထားခဲ့သည်။ ရှိတ်ဟာမက်သည် ၁၉၉၅ ခုနှစ်တွင် ဖခင်ဖြစ်သူ ရှိတ်ခါလီဖာထံမှ သွေးမထွက်ဘဲ အာဏာသိမ်းခဲ့သည်။ ယခုတစ်ဖန် အလားတူ အာဏာသိမ်းမည်ဟု ကောလာဟလများထွက်ပေါ်နေချိန် ဖခင်စော်ဘွားက သားဖြစ်သူကို ထီးနန်းလွှဲပြောင်းပေးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

(ဘီဘီစီ)

ပြည်ပြေးစနိုးဒန်းကြောင့် ရုရှားနှင့် တရုတ်ကို အမေရိကန်အပြစ်ဆို

ဝါရှင်တန် ဇွန် ၂၅

တရားခံပြေးအက်ဒ်ဝပ်စနိုးဒန်း ဟောင်ကောင်မှ ရုရှားသို့ တိမ်းရှောင်ထွက်ပြေးသွားခဲ့ပြီးနောက် ရုရှားနှင့် တရုတ်နိုင်ငံတို့ကို အမေရိကန်က အပြစ်ဆိုလိုက်သည်။

စနိုးဒန်းကို ဖမ်းဆီးနိုင်ရေး အမေရိကန်အနေဖြင့် အလုံးစုံသော ဥပဒေလမ်းကြောင်းများအတိုင်း ဆောင်ရွက်နေကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

အမှန်တကယ် ရုရှားနှင့်တရုတ်တို့က တရားခံလွှဲအပ်ရေးရှောင်တိမ်းပြီး စနိုးဒန်းကို အကူအညီပေးခဲ့ပါက ယင်းကိစ္စသည် စိတ်ပျက်ဖွယ်ဖြစ်လာမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆိုသည်။

ပြည်ပြေးစနိုးဒန်းသည် အမေရိကန်လုံခြုံရေးသတင်းများဖွင့်ချခဲ့ပြီးနောက် ဦးစွာ ဟောင်ကောင်သို့ ရှောင်တိမ်းခဲ့သည်။

ဇွန် ၂၃ ရက်တွင် ရုရှားသို့ ထွက်ပြေးပြီး ထိုမှာပင်ရှိနေဆဲဟု ယူဆထားသည်။ ၎င်းသည် အီကွေဒေါ နိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့်တောင်းခံထားကြောင်း သတင်းတွင်ဖော်ပြသည်။ **(ဘီဘီစီ)**

အဆုတ်ရောဂါကြောင့် ဆေးရုံတက်နေသော သမ္မတဟောင်း မင်ဒဲလား စိုးရိမ်ဖွယ်ရှိ

ကိတ်တောင်း ဇွန် ၂၅

တောင်အာဖရိက သမ္မတဟောင်း နယ်ဆင်မင်ဒဲလား၏ ကျန်းမာရေးအခြေအနေသည် ဆေးရုံပေါ်တွင် စိုးရိမ်ရသည့်အနေအထားရှိကြောင်း သမ္မတဂျက်ကော့ဇူးမားက ပြောကြားသည်။

ဆရာဝန်များက ခေါင်းဆောင်ဟောင်း မင်ဒဲလားသက်သာရာရရေး ဘက်ပေါင်းစုံမှ ကြိုးစားလျက်ရှိကြောင်း သမ္မတဇူးမားက ပြောကြားပြီး ဆေးဝါးကုသမှုအသေးစိတ်အခြေအနေကို ထုတ်ဖော်ပြောကြားခြင်းမရှိချေ။

တောင်အာဖရိက၏ ပထမဆုံးလူမည်းသမ္မတဖြစ်သူ အသက် ၉၄ နှစ်ရှိ မင်ဒဲလားသည် အဆုတ်ရောင်ရောဂါကြောင့် ယခုလအစောပိုင်းက ဆေးရုံတက်ရောက်ခဲ့ရခြင်းဖြစ်သည်။ ယခုနှစ်အတွင်း သုံးကြိမ်မြောက် တက်ရောက်ကုသခြင်းဖြစ်သည်။

ဇွန် ၂၃ ရက်က သမ္မတဇူးမားဆေးရုံကို မင်ဒဲလားအား သွားရောက်ကြည့်ရှုပြီးနောက် နိုင်ငံ့ခေါင်းဆောင်ဟောင်း သမ္မတမင်ဒဲလား၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရကြောင်း တရားဝင်ပြောကြားခဲ့သည်။

(ဘီဘီစီ)

ကဘူးလ်မြို့ရှိ အာဖဂန်သမ္မတနန်းတော် တိုက်ခိုက်ခံရ

ကဘူးလ် ဇွန် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်ရှိ သမ္မတနန်းတော်နှင့်အစိုးရအဆောက်အအုံများကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့ကြောင်း ဇွန် ၂၅ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

၎င်းစစ်သွေးကြွများသည် အာဖဂန်သမ္မတနန်းတော်အရှေ့ဘက်ဂိတ်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စီအိုင်အေဌာနတစ်ခုရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တိုက်ခိုက်မှုများဖြစ်ပွားမှုကြောင့် ပေါက်ကွဲသံများ ဒါဇင်ဝက်ထက်မနည်း ကြားခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်သူများအားလုံးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် တာလီဘန်နှင့်အမေရိကန် ကျောထောက်နောက်ခံပြု ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်ပတ်သက်ပြီး ကန့်ကွက်မှုများ တိုးမြှင့်ခဲ့ပြီးနောက် ရက်အတန်ကြာတွင် အဆိုပါတိုက်ခိုက်မှုဖြစ်ပေါ်လာသည်။

ရှပ်ဒါရက်ခရိုင် အလယ်ပိုင်းရှိ သမ္မတနန်းတော်အနီး တိုက်ခိုက်မှုသည် ဇွန် ၂၅ ရက် နံနက် ၆ နာရီခွဲက စတင်ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ စစ်သွေးကြွများက သမ္မတ နန်းတော် အရှေ့ဘက်ဂိတ်ကို ကနဦး ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းနေရာတွင် သတင်းစာဆရာ ဒါဇင်ပေါင်းများစွာတို့ ယင်းနေ့နံနက် ၉ နာရီတွင် စီစဉ်ထားသော မစ္စတာကာဇိုင်းနှင့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်အတွက် စုရုံးနေခဲ့ခြင်းဖြစ်သည်။

သတင်းစာဆရာများက ပေါက်ကွဲမှုအချို့ကို ကြားခဲ့ရကြောင်း၊ ပေါက်ကွဲမှု ၁၄ ကြိမ်ထက်မနည်းရှိခဲ့ကြောင်း တိုလိုရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ ယင်းဂိတ်ကို တိုက်ခိုက်ခဲ့ချိန်တွင် သမ္မတကာဇိုင်းသည် နန်းတော်အတွင်း ရှိနေခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

မောင်မွေး ရေးသားသည်

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် JSC RAC MiG သို့ သွားရောက်လေ့လာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Lykhovitsy မြို့ရှိ JSC RAC MiG စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇွန် ၂၄ ရက်ညနေပိုင်းတွင် မော်စကိုမြို့မှ ၁၈၀ ကီလိုမီတာအကွာ Lykhovitsy မြို့ရှိ JSC RAC MiG စက်ရုံသို့သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အစည်းအဝေးခန်းမ၌ Director General Sergey S. Korotkov က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး The Engineering Center of the Design Bureau မှ Director Vladimir I. Barkovskiy မှ MiG-29M/ M 2 Multirole Fighter အသစ်ထုတ်လုပ်မှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြသည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေယာဉ်ထုတ်လုပ်ရေးစင်တာအတွင်း လေယာဉ်များထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဆင့်မြှင့်တင် ထုတ်လုပ်ခဲ့သည့် MiG-29 M လေယာဉ်အသစ်အား စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်မှူးချုပ်လွင်ဦး လိုက်ပါ၍ စမ်းသပ်ပျံသန်းမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ JSC RAC MiG မှ Director General က ဗိုလ်မှူးချုပ်လွင်ဦးအား MiG-29 M လေယာဉ်မောင်းနှင်မှု အသိအမှတ်ပြုကတ်ပေးအပ်ပြီး ဗိုလ်မှူးချုပ်လွင်ဦးက ပျံသန်းမှုအတွေ့အကြုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား JSC RAC MiG မှ တာဝန်ရှိသူများက ဂုဏ်ပြုညနေစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညနေစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Director General Sergey S. Korotkov အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး Director General က MiG-29 M လေယာဉ်ပုံစံငယ်အား ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အားကစားအဖွဲ့နှင့် အားကစားနည်းပြအဖွဲ့များ စေလွှတ်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပြောကြားပြီး နှစ်နိုင်ငံစက်မှုနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ရုရှားတပ်မတော်အား ပိုမိုခေတ်မီတိုးတက်အောင် ဆောင်ရွက်နေသည့်အချိန်နှင့် တိုက်ဆိုင်နေပါကြောင်း၊ ထို့ကြောင့် ယခုထက်ပိုမိုမြင့်မားစွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ၆၅ နှစ်နှင့် နှစ်နိုင်ငံစစ်သံထားရှိမှု ၄၀ နှစ်ပြည့်ကာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် လာရောက်ခဲ့သည့်အတွက် သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါကြောင်း၊ ယခု မိမိခရီးစဉ်သည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ဆက်ဆံရေး၊ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုမြင့်မားစေရေးအတွက် ခြေလှမ်းသစ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် မတ်လအတွင်း ရုရှားကာကွယ်ရေးဝန်ကြီး မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် မိမိ၏ ယခုခရီးစဉ်ကဲ့သို့ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ အကြီးအကဲများ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်လည်ပတ်ခြင်းများသည် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ "မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်" ဟူသောမူဝါဒထားရှိပြီး မြန်မာနိုင်ငံမူဝါဒသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူပြုနိုင်မည်မှာ ခိုင်မာသောအချက်ဖြစ်ပါကြောင်း။

ပြောကြား

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံစွာ ရှင်သန်နေထိုင်ရေးအတွက် မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အိမ်နီးချင်းအင်အားကြီး နိုင်ငံနှစ်ခုအကြားတွင်တည်ရှိပြီး ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် အာရှဒေသအကြား Land bridge (ကုန်းတွင်းတံတား) အဖြစ် တည်ရှိနေကြောင်း၊ မိမိတို့နိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအပေါ်တွင် စိန်ခေါ်မှုများစွာရှိပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသကဲ့သို့ ယင်းဒီမိုကရေစီစိန်ခေါ်မှုကို ကျော်လွှားရန်လည်း လိုအပ်ပါကြောင်း၊ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် ရုရှားနိုင်ငံမှ အတွေ့အကြုံများကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံမှ ပေးအပ်လျက်ရှိသော အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံတပ်မတော်ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဧည့်ခန်းဆောင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ရှေ့ဖုံးမှ*

ဘိုးပိုင်လုပ်ငန်းကတော့ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပါတယ်။ ဒါက ထင်သာမြင်သာပြီးစီးမှု အနေအထားဖြစ်ပါတယ်။

မေး ။ ။ ခုံးကျော်တံတားတိုင်လုပ်ငန်းတွေပြီးစီးရင် တံတားသံပေါင်တပ်ဆင်မှုတွေကို ဘယ်အချိန်လောက် စတင်ပြုလုပ်နိုင်မလဲဆိုတာ ရှင်းပြပေးပါဦး။

ဖြေ ။ ။ ခုံးကျော်တံတားအောက်ခြေပိုင်းလုပ်ငန်းတွေ အပြီးသတ်လုပ်နေချိန်မှာပဲ တံတားအပေါ်ပိုင်းလုပ်ငန်းတွေအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ပြည့်စုံအောင် စုဆောင်းမှုတွေပြုလုပ်ထားပါတယ်။ ခုံးကျော်တံတားလုပ်ငန်းတွေ အချိန်နဲ့တစ်ပြေးညီ ပြီးစီးအောင်ပစ္စည်းအားနဲ့ လူအင်အားတွေ အားလုံးဟန်ချက်ညီအောင်ဆောင်ရွက်နေတာပါ။ တံတားသံပေါင်တပ်ဆင်မှုတွေကို လာမယ့်ဇူလိုင်လမှာ စတင်ပြုလုပ်နိုင်မယ်လို့ ရည်မှန်းထားပါတယ်။

မေး ။ ။ ရွှေဂုံတိုင်ခုံးကျော်တံတားကို မူလပုံစံအတိုင်း တည်ဆောက်ခဲ့တာလား၊ ဒီဇိုင်းပုံစံပြောင်းလဲခဲ့မှုရှိမရှိ ပြောပြပေးပါဦး။

ဖြေ ။ ။ ဂျပန်နိုင်ငံ JFE Engineering Corporation က ပညာရှင်တွေက ဒီခုံးကျော်တံတားပုံစံကို ရေးဆွဲထုတ်လုပ်ထားတာဖြစ်ပြီး အဲဒီပုံစံအတိုင်းပဲ ဆက်လက်တည်ဆောက်ထားတာပါ။ တံတားလုပ်ငန်းခွင်ဧရိယာအတွင်းမှာ မြေအောက်ရေပိုက်တွေရှိလို့ တတ်နိုင်သမျှ မထိခိုက်အောင်ပြုလုပ်ခဲ့ရပေမယ့် မူလဒီဇိုင်းအတိုင်း တည်ဆောက်နေခြင်းဖြစ်ပါတယ်။

မေး ။ ။ ခုံးကျော်တံတားတည်ဆောက်နေဆဲ ကာလမှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရသလဲဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ မျှော်မှန်းထားတဲ့ အခက်အခဲတွေကြုံရသလို မမျှော်မှန်းတဲ့ အခက်အခဲတွေလည်း ကြုံရပါတယ်။ မျှော်မှန်းထားတဲ့ အခက်အခဲကတော့ ယာဉ်အသွားအလာများပြားတဲ့ နေရာသို့ နေ့ပိုင်းမှာ ယာဉ်ကြောမပိတ်ဆို့အောင် အလုပ်တွင်ကျယ်အောင် မလုပ်နိုင်ဘဲ ညပိုင်းမှာပိုပြီးလုပ်ရတာ ဖြစ်ပါတယ်။ ခုံးကျော်တံတားလုပ်ငန်းသုံးပစ္စည်းတွေ စုပုံဖို့အတွက်လည်း ခက်ခဲမှုတွေဖြစ်ပါတယ်။ မမျှော်မှန်းတဲ့ အခက်အခဲကတော့ ဘိုးပိုင်တူးတဲ့အခါ စိမ့်ရေတွေထွက်ရှိမှုပါပဲ။စိမ့်ရေတွေထွက်ရှိတော့ မြေကြီးတူးတိုင်း မြေမပြိုအောင် ကျုံ့ကျမှုမရှိအောင် မြေထိန်းနံရံတွေ လုပ်ခဲ့ရတယ်။သံရက်မတွေ ရိုက်ထည့်ပြီး သံပြားကြီးတွေနဲ့ ကာပြီး လုပ်ခဲ့ရပါတယ်။ ဒါကြောင့် အရင်က နှစ်ရက်နဲ့ပြီးမယ့်လုပ်ငန်းက ခြောက်ရက်ကြာသွားတယ်။ ငွေကုန်ကျမှုလည်း ပိုများသွားပါတယ်။

မေး ။ ။ ခုံးကျော်တံတား တည်ဆောက်နေမှုအတွက် အနီးဝန်းကျင်က ပြည်သူတွေနေရာဖယ်ပေးရတာ၊ အနှောင့်အယှက်ဖြစ်စေခဲ့တာမျိုးကောရှိခဲ့မှု ရှိမရှိလည်း ရှင်းပြပေးပါဦး။

ဖြေ ။ ။ ဒီခုံးကျော်တံတားတည်ဆောက်တဲ့အတွက် နေရာဖယ်ပေးရတာ၊ နောက်ဆုတ်ပေးရတာမျိုးမရှိပါဘူး၊ လုပ်ငန်းခွင်ရဲ့ အသံဆူညံမှုမရှိအောင်လည်း အတတ်နိုင်ဆုံးဆောင်ရွက်နေပါတယ်။ အနီးဝန်းကျင်နေ ပြည်သူတွေ စိတ်အနှောင့်အယှက်မဖြစ်အောင် အထူးဂရုပြုလုပ်ဆောင်နေပါတယ်။ ပြည်သူတွေကလည်း နားလည်မှုပေးကြပါတယ်။ ဒီခုံးကျော်တံတား တည်ဆောက်နေမှုကြောင့် ယာဉ်အသွားအလာအနည်းငယ် ကျပ်တည်းမှုရှိနေပေမယ့် တတ်နိုင်သမျှလျော့နည်းအောင် ကြိုးစားနေပါတယ်။

မေး ။ ။ ခုံးကျော်တံတားတည်ဆောက်ပြီးစီးမှုက မူလသတ်မှတ်ထားတဲ့အချိန်အတွင်းပြီးစီးနိုင်ခြင်း ရှိ မရှိ သိလိုပါတယ်။

ဖြေ ။ ။ မူလကျွန်တော်တို့သတ်မှတ်ထားတဲ့အတိုင်း ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှာ ပြီးစီးမှာဖြစ်ပါတယ်။ ရွှေဂုံတိုင် ခုံးကျော်တံတား စတင်ပန္နက်ရိုက်ပြီး လုပ်ငန်းစတင်ခဲ့တဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စပြီး အခုအချိန်အထိ လုပ်ငန်းဆောင်ရွက်မှုကာလ ခြောက်လကျော်ရှိပါပြီ။ အခုလုပ်ငန်း ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်လို့ သတ်မှတ်ကာလမှာ ပြီးစီးမှာဖြစ်ပါတယ်ဟု ပြောကြားသွားသည်။

ရွှေဂုံတိုင်ခုံးကျော်တံတား၏ စီမံကိန်းပိုင်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရဖြစ်ပြီး ကြီးကြပ်သည့်အဖွဲ့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဖြစ်သည်။ ခုံးကျော်တံတားပုံစံထုတ်ပညာရှင်အဖွဲ့မှာ ဂျပန်နိုင်ငံမှ JFE Engineering Corporation ဖြစ်ပြီး တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်သည့် ကုမ္ပဏီမှာ Capital Development Ltd. ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတားရက်မမှာ Steel Box Girder ဖြစ်သည်။ တံတားအရှည်မှာ ပင်မတံတား ၄၈၁ မီတာရှိပြီး ချဉ်းကပ်လမ်းအရှည်မှာ ၁၄၆ ဒသမ ၇၅ မီတာဖြစ်သည်။ လေးလမ်းသွားဖြစ်ပြီး တံတားပေါ်လမ်း အကျယ်မှာ ၄၅ ဒသမ ၅၉ ပေဖြစ်သည်။ တံတားကင်းလွတ်အမြင့် ၁၈ ပေဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် ၆၀ ဖြစ်ကာ တံတားပေါ် အမြန်နှုန်းမောင်းနှင်နိုင်မှုမှာ တစ်နာရီ ၅၀ ကီလိုမီတာဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အရပ် ၇ ပေ ၁၀ လက်မ ဝင်းဇော်ဦးနဲ့ အခရိုမက်ဂလီရောဂါ

ပါမောက္ခခင်မောင်ဝင်း(အသည်း)

၂၄-၆-၂၀၁၃ မြန်မာ့အလင်း သတင်းစာမှာပါတဲ့ "သာမန်အရပ် ထက်မြင့်မားပြီး ၇ ပေ ၁၀ လက်မခန့်ရှိ နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းရွာသား ကိုဝင်းဇော်ဦး" ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ အဲဒီဆောင်းပါးမှာ ဖော်ပြထားတဲ့ ကိုဝင်းဇော်ဦးဆိုတဲ့ အသက် (၃၈နှစ်) လူငယ်ဟာ ရုတ်တရက် ကြည့်လိုက်ရင်တော့ အရပ်ရှည်နေတာကလွဲလို့ ပုံမှန်ရောဂါကင်းစင်တဲ့ လူသားတစ်ယောက်လို့ ထင်ကြပါလိမ့်မယ်။ သူ့မိသားစုနဲ့ သူ့ပတ်ဝန်းကျင်က လူတွေကလည်း ကိုဝင်းဇော်ဦးကို သာမန်ဖြစ်ရိုးဖြစ်စဉ် ခန္ဓာကိုယ်ကြီးထွားတာလို့ပဲ ထင်နေကြတယ်လို့ ယူဆကြပုံရပါတယ်။ တကယ်တမ်းသူ မတန်တဆ အရပ်ရှည်လာတဲ့ ဖြစ်စဉ်ကို သေချာလေ့လာကြည့်မယ်ဆိုရင်တော့ သူဟာ အခရိုမက်ဂလီ "acromegaly" လို့ခေါ်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း အလွန်အမင်းကြီးထွားတဲ့ ရောဂါဝေဒနာတစ်မျိုးကို ခံစားနေရတာ ဖြစ်ပါလိမ့်မယ်။

ဘာလို့ကိုဝင်းဇော်ဦးဟာ အခရိုမက်ဂလီရောဂါဖြစ်တယ်လို့ ယူဆရတာလဲဆိုတော့ သူဟာ လူငယ်တွေ ဖွံ့ဖြိုးမှုရပ်သွားပြီး အရပ်ဆက်မရှည်ရတော့မယ့်အချိန်မှာ အရပ်ကြီး ဆက်ရှည်ထွက်လာလို့ပါ။ ဒါဟာ သူ့ရောဂါကြောင့် အရပ်ရှည်လာတယ်ဆိုတာကို ပြတာပါ။ ပြီးတော့ သူ့ရဲ့ ခြေဆစ်လက်ဆစ်ကြီးတွေဟာ သာမန်လူတွေထက်ကြီးပြီး ခြေဖဝါးအတိုင်းအတာတွေ ဗျက်ကြီး၊ အရှည်ကြီး ဖြစ်နေတာလည်း သာမန်အရပ်ရှည်တာနဲ့ မတူ၊ အခရိုမက်ဂလီရဲ့ ရောဂါလက္ခဏာပါ။ ချွေးတွေအထွက်လွန်ပြီး လမ်းလျှောက်ရင်မောတာ၊ အဲဒါတွေဟာလည်း အခရိုမက်ဂလီရောဂါဆိုတာကို သေချာစေပါတယ်။ ကံကောင်းတာကတော့ ကိုဝင်းဇော်ဦးဟာ အခရိုမက်ဂလီရောဂါရဲ့ နောက်ဆုံးအဆင့် မျက်စိမှုန်တဲ့အထိ မရောက်သေးပါဘူး။ အချိန်မီကုလို့ ရနိုင်ဦးမယ်လို့ ထင်မိပါတယ်။

တကယ်တော့ ကိုဝင်းဇော်ဦးရဲ့ ရောဂါဟာ လွန်ခဲ့တဲ့ အနှစ် ၃၀ ကျော်လောက်က ပုဂံနားက ရွာလေးတစ်ရွာမှာ နာမည်ကျော်ကြား လူတွေ အုတ်အော်သောင်းတင်း သွားကြည့်ခဲ့ကြတဲ့ ဇီးကွက်စိန်လို အခရိုမက်ဂလီရောဂါဖြစ်နေတယ်လို့ ထင်ပါတယ်။ အဲဒီတုန်းက ဇီးကွက်စိန်ကို တစ်ပြည်လုံးက လူတွေ သွားကြည့်ကြ၊ မုန့်ဖိုးတွေပေးကြ၊ ထူးဆန်းတဲ့ လူတစ်ယောက်လို ကြည့်ကြပြီး ဆေးလောကပညာ အသိုင်းအဝိုင်းကလည်း အကြောင်းကြောင်း ကြောင့် အခရိုမက်ဂလီရောဂါမှန်း သိလျက်နဲ့ ဇီးကွက်စိန်ကို ဆေးကုမပေးနိုင်ကြပါဘူး။ နောက်ဆုံးတော့ ဇီးကွက်စိန်ဟာ အခရိုမက်ဂလီရောဂါရဲ့ တိုးတက်ဆိုးရွားလာတဲ့ ရောဂါအခြေအနေကြောင့် မျက်စိကွယ်ပြီး အသက်ဆုံးရှုံးခဲ့ပါတယ်။ တကယ့်ကို ဝမ်းနည်းစရာကောင်းတဲ့ ဖြစ်ရပ်ပါ။

အခုလည်း ကိုဝင်းဇော်ဦးတစ်ယောက်ဟာ သူ့ကိုယ်သူ လူကောင်းထင်၊ ပတ်ဝန်းကျင်ဟာလည်း ထူးထူးခြားခြား အရပ်အလွန်ရှည်နေတဲ့ လူကောင်းတစ်ယောက်လို့ပဲ ထင်၊ အရပ်တကာက လူတွေလာကြည့်ကြနဲ့ ဇီးကွက်စိန်လိုဇာတ်လမ်းစနေပါပြီ။ ထူးထူးခြားခြား အရပ်တအားရှည်နေတဲ့ ကိုဝင်းဇော်ဦးဟာ အခရိုမက်ဂလီရောဂါဖြစ်နေတာပဲလို့တစ်ခါတည်း ကျွန်တော်ကောက်ချက်ချလိုက်ပါတယ်။ ကိုဝင်းဇော်ဦးအကြောင်း အင်တာနက်ပေါ်က သစ်ထူးလွင်မှာ စဖတ်ရကတည်းက "ကိုဝင်းဇော်ဦးကို ဇီးကွက်စိန်လိုမဖြစ်အောင် အမြန်ဆုံး ဆေးကုသပေးဖို့ ရန်ကုန်ခေါ်လာပါ။ ခရီးစရိတ်၊ ဆေးကုစရိတ်၊ ကုန်ကျစရိတ်၊ အားလုံးကို ကျွန်တော်ကျခံပါမယ်"လို့ ပြောလိုက်ပါတယ်။

အခု မြန်မာ့အလင်းဆောင်းပါးမှာ ကိုဝင်းဇော်ဦးနေတဲ့ နတ်မောက်မြို့ ထုံးပေါက်ချိုင်းရွာက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါ်ဌေးရဲ့ ဖုန်းနံပါတ်ပါလာတဲ့အတွက် သူ့ဆီကို ချက်ချင်းပဲဖုန်းဆက်ပြီး ကိုဝင်းဇော်ဦးကို ရန်ကုန်ချက်ချင်းခေါ်ခဲ့ပါ။ ကုန်ကျစရိတ်အားလုံး တာဝန်ယူပါတယ်။ ဆေးစစ်ပြီး လိုရင်ကုသပေးချင်လို့ပါလို့ပြောတော့ "ဝင်းဇော်ဦးက အကောင်းကြီး ဆရာရဲ့။ ကျန်းမာတယ်။ ဘာမှမဖြစ်ဘူး"လို့ ဦးပေါ်ဌေးကပြောပါတယ်။ ကျွန်တော်က "ခေါ်သာခေါ်ခဲ့ပါ။ လိုတာဆေးစစ်ပေးချင်လို့ပါ။ ငွေကြေးလည်း ထောက်ပံ့ပါမယ်"လို့ ပြောလိုက်ပါတယ်။ အဲဒါဆိုရင်တော့ ကာယကံရှင်ဆန္ဒမေးလိုက်ပါဦးမယ်လို့ ဦးပေါ်ဌေးကပြောပါတယ်။ နောက်သုံးနာရီလောက်ကြာတော့ ကျွန်တော် ဖုန်းထပ်ဆက်လိုက်ပါတယ်။ ဒီတစ်ခါတော့ ဦးပေါ်ဌေးက "ကျွန်တော်တို့ဖြစ်အောင်လာပါ့မယ်" နှစ်ပတ်လောက်ကြာရင် ရောက်ပါမယ်"လို့ ပြောပါတယ်။ "ကျွန်တော်ကလည်း ဇူလိုင် ၃ ရက်ကနေ ၇ ရက်အထိ ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာ ကျင်းပမယ့် အာရှ-ပစိဖိတ် အသည်းရောဂါ ကင်ဆာပါရဂူများ ဆွေးနွေးပွဲမှာ စာတမ်းသွားဖတ်ရမယ်လို့ ပြောတော့ ဇူလိုင် ၈ ရက်နေ့အရောက်လာပါမယ်လို့ ဦးပေါ်ဌေးကပြောပါတယ်။

ဇီးကွက်စိန်နောက် အနှစ် ၃၀ ကျော်ကြာမှပေါ်လာတဲ့ အသက် ၃၈ နှစ်ပဲရှိသေးတဲ့ ကိုဝင်းဇော်ဦးတစ်ယောက်အခရိုမက်ဂလီရောဂါကြောင့် နောက်ဆုံးအဆင့်မျက်စိမှုန်၊ ခေါင်းကိုက်ပြီးသေသွားမှာ စိုးရိမ်လို့ သူ့အား ရန်ကုန်ကို မဖြစ်မနေ ရောက်အောင် လာဆေးစစ် ကုသဖို့ အခုလို စီစဉ်ရတာပါ။

ဇီးကွက်စိန်နဲ့ ကိုဝင်းဇော်ဦးတို့ ခံစားရတဲ့ အခရိုမက်ဂလီရောဂါ အကြောင်းကို စာဖတ်ပရိသတ်တွေ သိအောင် အကျဉ်းချုပ်ဖော်ပြလိုက်ချင်ပါတယ်။

Acromegaly (အခရိုမက်ဂလီရောဂါ)

အခရိုမက်ဂလီ Acromegaly ဆိုတာ အခရို (acro)ဆိုတဲ့ ခြေဖျား၊ လက်ဖျားနဲ့ (megaly) မက်ဂလီ-ကြီးတယ်ဆိုတဲ့ စကားနှစ်လုံးကို ပေါင်းထားတာပါ။ အခရိုမက်ဂလီကို တိုက်ရိုက် ဘာသာပြန်ရမယ်ဆိုရင်တော့ ခြေဖျား၊လက်ဖျားတွေ ကြီးတဲ့ရောဂါလို့ပြောရမှာပါ။ တကယ်တော့ ဒီရောဂါဟာ ဦးနှောက်အောက်မှာရှိတဲ့ ပီကျူထရီဂလင်း ကြီးထွားလာပြီး ခန္ဓာကိုယ်ကြီးထွားစေတဲ့ ဂရို့သ်ဟော်မုန်းတွေကို ပုံမှန်ထက်ပိုပြီး အဆမတန်ထုတ်ပေးနေလို့ ဖြစ်ရတာပါ။

အခရိုမက်ဂလီရောဂါရှိတဲ့သူတွေ ဝေဒနာရှင်တွေကို သေွးစစ်ကြည့်လိုက်ရင် ကြီးထွားမှုဟော်မုန်းတွေ များနေမယ်။ ခေါင်းကို MRI ရိုက်ကြည့်လိုက်ရင် ပီကျူထရီအကြိတ်ကြီး ကြီးနေတာကို တွေ့ရမှာပါ။

အဝေးကမြင်ရုံနဲ့ အခရိုမက်ဂလီပါလို့ ပြောနိုင်တဲ့အချက်တွေကို ပြောရမယ်ဆိုရင်-

(၁) ခန္ဓာကိုယ် အဆမတန်ကြီးထွားပြီး အရပ်ကြီးတအားရှည်နေတာ
(၂) နဖူးမောက်နေတာ
(၃) မေးရိုးအဆမတန်ကြီးတာ
(၄) လက်ဖျား၊ ခြေဖျားတွေ တအားကြီးနေတာ။

နောက်ဖြစ်နိုင်တဲ့ ရောဂါလက္ခဏာတွေကတော့ ချွေးထွက်လွန်လာမယ်။ အသံတွေသြလာမယ်။ အရပ်ရှည်လွန်းလို့ ခါးတွေကုန်းလာမယ်။ ကြွက်သားတွေ အားပျော့လာပြီး ခြေတွေ၊ လက်တွေ မသယ်ချင်တော့ဘဲ အဆိုးဆုံးကတော့ ခန္ဓာကိုယ် ကြီးလာတာနဲ့အမျှ အတွင်းကလီစာ အစိတ်အပိုင်းတွေလည်း အကုန်ကြီးလာတာပါပဲ။ နှလုံးကြီးတာကတော့ အဆိုးဆုံးပေါ့။ နှလုံးကြီးလာတာနဲ့အမျှ နှလုံးသွေးကြောကျဉ်းတာ၊ သွေးတိုးတာတွေပါ နောက်ဆက်တွဲ ဖြစ်လာပြီး အသက်အန္တရာယ်ဖြစ်တတ်တာပေါ့။

လေပြွန်မှာရှိတဲ့ ကြွက်သားတွေလည်း ကြီးလာတတ်ပါတယ်။ ဒါကြောင့် အိပ်နေရင်း အသက်ရှူလမ်းကြောင်းပိတ်ဆို့သွားတတ်တာလည်း အရေးကြီးတဲ့ နောက်ဆက်တွဲပြဿနာတစ်ခုပါပဲ။ ဒီ့အပြင် ဆီးချိုရောဂါ၊ ကင်ဆာရောဂါတွေကလည်း အခရိုမက်ဂလီရောဂါနဲ့ ဆက်စပ်နေတာကို တွေ့ရပါတယ်။

တကယ်တော့ အခရိုမက်ဂလီရောဂါဟာ ကုသလို့မရတဲ့ရောဂါ မဟုတ်ပါဘူး။ အခရိုမက်ဂလီရောဂါကို ကုသနည်းတွေအများကြီး ရှိပေမယ်လို့ အဓိကကုသနည်းကတော့ ကြီးထွားဟော်မုန်း အဆမတန်ထုတ်နေတဲ့ ပီကျူထရီအကြိတ်ကို ခွဲထုတ်ပစ်လိုက်တာပါပဲ။

အချုပ်အနေနဲ့ပြောရရင်တော့ အခရိုမက်ဂလီဆိုတာ ကုသလို့မရတဲ့ ရောဂါမဟုတ်ပါဘူး။ အချိန်မီကုသရင် ပကတိပျောက်ကင်းနိုင်သလို မကုဘဲထားရင်လည်း သေသွားမယ့် ရောဂါပါ။ ဒါကြောင့် ကိုဝင်းဇော်ဦးလို အခရိုမက်ဂလီဖြစ်နေတဲ့ ရောဂါသည်တစ်ယောက်ကို ထူးဆန်းလို့ဆိုပြီး ဝိုင်းအုံကြည့်မနေဘဲ အချိန်မီကုသပေးပြီး လူတစ်ယောက်အသက်ကို ကယ်ချင်လို့ အခုလို ရန်ကုန်ကို ခေါ်လိုက်တာပါ။

ကိုဝင်းဇော်ဦး ရန်ကုန်ရောက်လာပြီးရင်လည်း ဘာတွေစစ်လို့ ဘာတွေတွေ့တယ်ဆိုတာ ဆက်ပြီး ရေးသားပါဦးမယ်။ ကိုဝင်းဇော်ဦး သတင်းကို သေသေချာချာ စနစ်တကျ သတင်းယူပြီး သတင်းဖြန့်ချိပေးတဲ့ မြန်မာ့အလင်းသတင်းစာကို အထူးပဲကျေးဇူးတင်မိပါတယ်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေး တွေ့ဆုံဆွေးနွေး

ပဲခူး ဇွန် ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာပြီး အစည်းအဝေးခန်းမ၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး ပညာပေးဟောပြောကြသည်။ ထို့နောက် အတွင်းရေးမှူး ဒေါ်သဇင်နွယ်က **(ယာပုံ)**ပဲခူးတိုင်းဒေသကြီး အတွင်းရှိ စီမံချက်ဝင် ၂၇ မြို့နယ်မှ စေတနာ့ဝန်ထမ်းအသင်းဝင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆန်းစစ် ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် သားဖွားခန်းနှင့် ဟသ်ာကုန်းမူကြိုကျောင်းသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။ (၁၂၁)

ဇွန်လပတ်တန်ဖိုးနည်းဖုန်း နွားထိုးကြီးကျေးလက်များသို့ အလှည့်ပေး

နွားထိုးကြီး ဇွန် ၂၅

နွားထိုးကြီးတွင် ဇွန် ၂၀ ရက်က တတိယသုတ်အဖြစ် ရောင်းချပေးသော တန်ဖိုးနည်း ၁၅၀၀ ဖုန်းများကို မြို့ပေါ်တွင် ရောင်းချပေးခြင်းမရှိဘဲ ကျေးလက်သို့သာ ရောင်းချလိုက်ကြောင်း သိရသည်။

ယခုအပတ် နွားထိုးကြီးမြို့ တယ်လီဖုန်းခွဲတမ်း အလုံး ၂၀၀၀ ရရှိပြီး မြို့ပေါ်ရပ်ကွက်များက နှစ်ပတ်ဆက်တိုက်ရရှိခဲ့သောကြောင့် တတိယသုတ်တွင် မြို့ပေါ် ရှစ်ရပ်ကွက်၌ တစ်လုံးမျှရောင်းချပေးခြင်းမရှိဘဲ ကျေးရွာများအတွက်သာ ရောင်းချပေးလိုက်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်က မီဒီယာသို့ ပြောကြားသည်။

မြို့ခံတို့ကမူ ယခင်အပတ်က တန်ဖိုးနည်းဖုန်း အလုံး ၁၀၀ ကို ပြည်သူ့ခွဲတမ်းမှ နုတ်ယူသည်ဟု ဝေဖန်ခဲ့ခြင်းကြောင့် ယခုအပတ် မြို့ပေါ်ရှစ်ရပ်ကွက် ဖုန်းခွဲတမ်းမရခြင်းဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်များတွင် တန်းစီဇယားဖြင့် နေရာရယူထားရသောသူများက ယခုအပတ် ဖုန်းမရောင်းပေးခြင်းကို မကျေနပ်ကြောင်း ပြောဆိုနေကြသည်။

နွားထိုးကြီးမြို့နယ်တွင် တယ်လီဖုန်းတန်းဖိုးနည်း ၁၅၀၀ တန်များ ဧပြီလတွင် အလုံး ၁၅၀၀၊ မေလတွင် အလုံး ၂၅၀၀၊ ဇွန်လတွင် အလုံး ၂၀၀၀ ဖြင့် စုစုပေါင်းဖုန်းအလုံး ၆၀၀၀ ရောင်းပေးခဲ့ကြောင်း သိရသည်။

ဌေးမြင့်

ရပ်ကွက်လုံးကျွတ်သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကျဆင်းစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ ဇွန် ၂၂ ရက် နံနက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်လုံးကျွတ် ရေနုတ်မြောင်းရှင်းလင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

ပြုလုပ်

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် မိခင်နှင့်ကလေးအမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းကာ စုစုပေါင်း ၁၀၀ ခန့်ဖြင့် (၇)ရပ်ကွက်အတွင်း အိမ်ခြေ ၁၀၀၀ ခန့်ပိုးလောက်လမ်းသတ်ဆေး(အဘိတ်ဆေး) ကို ရေတိုင်ကီ၊ အများသုံးရေကန်များတွင် ခတ်ပေးခြင်း၊ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ရန်အသိပေးခြင်းနှင့်ရေမြောင်းများ၊ ခြင်ဆေးမှုတ်ခြင်း၊ ရေစီးရေလာကောင်းအောင် ရေနုတ်မြောင်းရှင်းလင်းခြင်းများပြုလုပ်ကြသည်။ (၀၂၃)

နှစ်ချုပ်ကုန်ရောင်းကြေညာလွှာနှင့် နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာများ အချိန်မီတင်သွင်းကြရန်နှိုးဆော်

ရန်ကုန် ဇွန် ၂၅

ပြည်တွင်းအခွန်များ ဦးစီးဌာနသည် ကုန်သွယ်ရေးလုပ်ငန်းခွင်ဆိုင်ရာ အခွန်နှုန်းများကို သဘာဝကျ၍ လိုက်နာဆောင်ရွက်နိုင်သည့် အခွန်နှုန်းများအဖြစ်သို့ ပြင်ဆင်လျှော့ချသတ်မှတ်ပေးထားပြီး အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်သည့် Self Assessment System (SAS) စနစ် တန်ဖိုးဖြည့်အခွန် (Value Added Tax) စနစ်တို့ကို ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၃ အရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိသူတို့အနေဖြင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးသို့ နှစ်ချုပ်ကြေညာလွှာများ တင်သွင်းကြရမည်ဖြစ်သည်။ နှစ်ချုပ်ကြေညာလွှာ အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေကို ထပ်ရိုက်ရမည်ဟု ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ (ဃ) တွင်ပြဋ္ဌာန်းထားသည်။ အခွန်ဝန်ထမ်းပြည်သူတို့၏ အခွန်တာဝန်သိစွာ ပူးပေါင်းလိုက်နာ ဆောင်ရွက်မှုကို ကြိုဆိုအသိအမှတ်ပြု လိုပါကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်ရေးလုပ်ငန်းခွန်ဌာနခွဲမှ စာဖြင့်ပေးပို့ အကြောင်းကြားထားကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာနှင့် နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာများ အချိန်မီတင်သွင်းကြရန်နှင့် တင်သွင်းရမည့် ကြေညာလွှာပုံစံများကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် WWW.ird-myanmar.gov.mmမှ download ရယူ၍လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူ၍လည်းကောင်း၊ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးသို့ တင်သွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **အောင်သူရ**

လွှတ်တော်ရေးရာကဏ္ဍ

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ အဆိုတင်သွင်း

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

ပထမအကြိမ် အမျိုးသားလွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့တွင် အစီအစဉ်(၂၆)ခု ဖြင့်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် (၁၉၉) ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၉)ဦးတို့က ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၃)ခု၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်း(၁)ခုနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၁)ခုတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က **မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့အား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြပြီး ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ထုတ်ပြန်ပြဋ္ဌာန်းပြီး အာဏာတည်ပြီးဖြစ်သော **"ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ"** ကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သောအစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် အဆိုကို တင်သွင်းရာအဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကိုရယူရာ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၄၀)ဦးနှင့် အထက်ရှိသည့်အတွက် ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က "တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window)(NSW) တည်ထောင်ထားရန် အဆိုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့်က "ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ်ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေးပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် အဆိုတို့ကို တင်သွင်းကြရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုများနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သဘောတူကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို ဇွန်လ ၂၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● *ပြည်သူ့လွှတ်တော်မှ*

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စသည့်ကိစ္စများသည် တစ်ခုနှင့် တစ်ခု ဆက်စပ်နေကြပါကြောင်း၊ ပြဋ္ဌာန်းလိုက်သော ဥပဒေများသည်လည်း ဥပဒေများကို စီမံခန့်ခွဲအကောင်အထည်ဖော်ကြသူများနှင့် လိုက်နာကြရသော ပြည်သူများ၊ အဖွဲ့အစည်းများနှင့်လည်း ဆက်စပ်နေပါကြောင်း။

ထို့ကြောင့် ဥပဒေများ ပြဋ္ဌာန်းရာတွင် တရားမျှတပြီး ပြည်သူများ အမှန်တကယ် လိုက်နာသင့်သော၊ လိုက်နာနိုင်သော ဥပဒေများပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း၊ ဤတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိတ်ကောင်းစေတနာများထားရှိပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး ဖြစ်ထွန်းစေအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုမျှမက ယင်းဥပဒေများကို အမှန်တကယ်လိုက်နာခြင်း ရှိ/မရှိ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောလွှတ်တော်များက ပြည်သူများကိုယ်စား စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးတွင် တာဝန်ရှိကြသည်နှင့်အညီ တာဝန်ကျေစွာ ဆောင်ရွက်နိုင်ကြပါစေဟု လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက် ဆဋ္ဌမနှင့် သတ္တမ ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့ပြင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးမြင့်ဆွေအား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို အတည်ပြုဆောင်ရွက်ခဲ့သည်။

မေးခွန်းမေးမြန်း ဖြေကြားခြင်းကဏ္ဍတွင် **လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၄ အရ ဥပဒေမူကြမ်းရေးဆွဲရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက မေးမြန်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက မြန်မာနိုင်ငံတွင် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးများတွင် ပါဝင်သူများအား အရေးယူဆောင်ရွက်နိုင်ရန် ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အဓိကရုဏ်းနှိမ်နင်းရေးလက်စွဲ၊ ရဲအက်ဥပဒေတို့အပြင် ၂၀၁၂ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေကြေညာနိုင်ကြောင်းကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ တည်ဆဲဥပဒေများဖြင့် လုံလောက်မှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၄ တွင် "နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်" ဟု ဖော်ပြထားပြီး ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းပါက လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့် ရောထွေးသွားနိုင်သည့်အပြင် ကိုင်တွယ် ကျင့်သုံးလျက်ရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့်လိုက်နာဆောင်ရွက်ရမည့် ပြည်သူများအနေဖြင့်လည်း အကြောင်းအရာ တစ်ခုတည်းပေါ်တွင် ဥပဒေ၏အနှစ်သာရများ၊ အယူအဆများ ကွဲလွဲရှုပ်ထွေးမှုဖြစ်ပေါ်လာနိုင်သဖြင့် ဥပဒေအသစ်ပြဋ္ဌာန်းရန် မလိုအပ်သေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မေးမြန်းဖြေကြားမှုနှင့်စပ်လျဉ်း၍ မေးခွန်းရှင် **ဦးသိန်းထွန်းဦး**က "ဒုတိယဝန်ကြီး ဖြေကြားသွားတာလည်း မှန်ပါတယ်။ ကျွန်တော်တို့ အခုအခြေအနေမှာ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်ရင် တည်ဆဲကျင့်ထုံးဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ ရှုပ်ထွေးသွားနိုင်တယ်ဆိုတဲ့ အနေအထားဟာမှန်ပါတယ်။ နောက်တစ်ပိုင်းကလည်းပဲ ကျွန်တော်မေးခဲ့တဲ့မေးခွန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပဋိပက္ခတွေ နောင်မှာဖြစ်လို့ရှိရင် ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်နိုင်ဖို့အတွက် ဒီလိုဖြစ်ပွားမှုတွေကို ဟန့်တားဆောင်ရွက်ဖို့၊ အရေးယူဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်မေးခဲ့ခြင်းဖြစ်ပါတယ်။

အဓိကကတော့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်ဖို့အတွက် မေးရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်ထားတာကို သိရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ အရ ဒီလိုတွေဖြစ်လာလို့ရှိရင် ဒီလိုအပြုအမူတွေအတွက် ပြစ်ဒဏ်ပေးနိုင်ဖို့ ဥပဒေပြဋ္ဌာန်းနိုင်တယ်ဆိုတဲ့ အချက်ကိုရှာတွေ့တဲ့အတွက် မေးခဲ့ခြင်း ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံသားတိုင်းကလည်း လိုက်နာမယ်၊ အစိုးရပိုင်းကလည်း ဆောင်ရွက်မယ်ဆိုရင်တော့ နောင်မှာဖြစ်ပွားလာမယ့် ပဋိပက္ခတွေမှာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်" ဟု ပြောပြခဲ့သည်။

အလားတူ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က **နိုင်ငံတော်က ချပေးသည့်ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော ကုမ္ပဏီများက ဆောင်ရွက်သောလုပ်ငန်းနှင့် ပတ်သက်၍ မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နိုင်ငံတော်ကချမှတ်ပေးသောမူအရ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ အစိုးရတာဝန်ယူဆောင်ရွက်မှုကဏ္ဍတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုပါဝင်လာစေရေး ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ကာ လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပါကြောင်း၊ လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုရာတွင် သက်ဆိုင်ရာလုပ်ငန်းအလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများအား တိတိကျကျသတ်မှတ်ပြီး စာချုပ်ချုပ်ဆိုစေပါကြောင်း၊ လုပ်ငန်းအထောက်အကူပြုစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းပါဝင်သော လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသည့် ကုမ္ပဏီများ၊ ပြည်သူများ ထိခိုက်နစ်နာမှုဖြစ်အောင် ဆောင်ရွက်သော ကုမ္ပဏီများအား စစ်ဆေးတွေ့ရှိရပါက စစ်ဆေးရေးအဖွဲ့၏ညွှန်ကြားချက်အတိုင်း အသစ်ပြန်လည်ပြုလုပ်စေခြင်း၊ ပစ္စည်းလဲလှယ်ခြင်းများ ဆောင်ရွက်စေမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက အာမခံထားရှိသည့်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ ငါးနှစ်ကာလအတွင်း ပျက်စီးမှုဖြစ်ပေါ်ပါက ကုမ္ပဏီမှ မိမိစရိတ်ဖြင့် ပြန်လည်ပြင်ဆင်စေခြင်း စသည့် ကြပ်မတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့ များပူးပေါင်း၍ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (အဝိုင်း) များ စိစစ်ခြင်း

၁။ တရားဝင်ယာဉ် မှန်/မမှန် စစ်ဆေးခြင်းများကို (၁၁-၆-၂၀၁၃) အင်္ဂါနေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့၌ ရှောင်တခင်စစ်ဆေးခဲ့ရာ ၂၃-၆-၂၀၁၃ နေ့အထိ Saloon သုံးစီး၊ Station Wagon လေးစီး၊ Light Truck တစ်စီး စုစုပေါင်း ရှစ်စီးကို တရားဝင်ယာဉ်မဟုတ်ကြောင်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(အဝိုင်း) အတုလက်ဝယ်ထားရှိမှုနှင့် တရားမဝင်ယာဉ်အသုံးပြုမှု၊ လက်ဝယ်ထားရှိမှုများဖြင့် သက်ဆိုင်ရာ ရဲစခန်းများ၌ အမှုဖွင့် အရေးယူထားပါသည်။ တရားမဝင်ယာဉ်နှင့် ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (အဝိုင်း)အတုများ လက်ဝယ်ထားရှိမှုများကြောင့် ယာဉ်နှင့် ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် အမှန်တကယ် မှတ်ပုံတင်သုံးစွဲသူများ စိတ်အနှောင့်အယှက်မဖြစ်စေရေးပြည်သူများမှလည်း သတင်းပေးဖော်ထုတ်သွားကြပါရန် အသိပေးအပ်ပါသည်။

၂။ ပြည်သူများမှ သတင်းရရှိပါက အောက်ပါဖုန်းအမှတ်များသို့ ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ကြောင်း ဖော်ပြအပ်ပါသည်-

(က) ရုံးချုပ်	၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၃၈၊ ၀၆၇-၄၀၅၃၅၉ ၀၁-၅၇၃၁၀၈၊ ၀၁-၅၇၃၁၀၇	(ဂ) တိုင်းဒေသကြီးဦးစီးမှူးရုံး (မန္တလေး)	၀၂-၇၁၈၇၀၊ ၀၂-၃၆၁၁၆
(ခ) တိုင်းဒေသကြီး ဦးစီးမှူးရုံး (ရန်ကုန်)	၀၁-၅၇၀၉၆၇၊ ၀၁-၅၆၂၇၅၇	(ဃ) တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)	၀၅၂-၃၀၀၄၆၊ ၀၅၂-၃၀၈၆၆

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

အစည်းအဝေးတွင် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ နှစ်နှစ်တာကာလအတွင်း မိမိတို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ အုပ်ချုပ်ရေးစသည့် ပြုပြင်ပြောင်းလဲမှုများသည် ဒီမိုကရေစီအတွေ့အကြုံ ဒီမိုကရေစီအလေ့အကျင့်နည်းပါးသေးသည့်အတွက် စမ်းတဝါးဝါးဖြင့် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး အောင်မြင်မှုများ ရှိခဲ့သကဲ့သို့ အကောင်အထည်မဖော်နိုင်သေးသည်များ၊ အောင်မြင်မှုနှေးကွေးနေသည်များလည်း ရှိပါကြောင်း။

အမြန်တိုးတက်ပြောင်းလဲမှုကို လိုလားနေကြသည့် ပြည်သူများအနေဖြင့် အခြေခံပြောင်းလဲတိုးတက်မှုများကို လက်ခံနိုင်စွမ်းမရှိသေးဘဲ အောက်

အဖွဲ့အစည်း အားလုံးနီးပါးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး သဘောထားတူညီသည့်အချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု အားလုံးနီးပါး ရပ်စဲသွားပြီဖြစ်၍ မကြာမီကာလအတွင်းတွင် လွှတ်တော်သို့ တင်ပြပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရုံဖြင့် ငြိမ်းချမ်းရေးရပြီဟု ပြော၍မရသေးပါကြောင်း၊ နိုင်ငံရေးအရ ဆက်လက်ဆွေးနွေးစရာများ များစွာကျန်ရှိနေဦးမည်ဖြစ်ကြောင်း၊ သို့သော်လည်း နယ်စပ်ဒေသများတွင် အထိုက်အလျောက်အေးချမ်းသွားပြီဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ယင်းဒေသများတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် အင်တိုက်အားတိုက် ဆောင်

အတွက်အကျိုးရှိမည့်လုပ်ငန်းများ၊ အန္တရာယ်မဖြစ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဈေးကွက်ရှာဖွေကြရန်၊ အရည်အသွေးကောင်းပြီး ကုန်ကျစရိတ်သက်သာသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ကြရန်နှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များများ ပေါ်ထွက်လာအောင် ကူညီပံ့ပိုးဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးသည် မိမိတို့စတုတ္ထ Reform ဖြစ်သည့်အတွက် ယင်းကို အောင်မြင်အောင် လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ဟိုတယ်လုပ်ငန်းရှင်များအတွက်သာမက ပို့ဆောင်ရေးလုပ်ငန်း၊ ဈေးဆိုင်လုပ်ငန်းနှင့် Tour Guide များအတွက်ပါ ဝင်ငွေရရှိနိုင်သည့်လုပ်ငန်းဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာ

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခြေမှာ ဒီအတိုင်းပဲ၊ ဘာမှမထူးသေးဘူးဟူသည့် ဝေဖန်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ သဘောထားအမြင်များကို အလေးထားပြီး မိမိတို့အစိုးရအနေဖြင့် ထင်သာမြင်သာသည့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

စနစ်တစ်ခုမှအခြားစနစ်တစ်ခုသို့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရသည့်အခါတွင် အခြားသောနိုင်ငံများ၏ ဖြစ်စဉ်ဖြစ်ရပ်များကိုကြည့်လျှင် အချိန်ယူပြီး ပြောင်းလဲခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယင်းနိုင်ငံများတွင် နိုင်ငံရေးတည်ငြိမ်မှုရှိသည့်အတွက် စီးပွားရေးနှင့် အုပ်ချုပ်ရေးတို့ကိုသာ အဓိကပြုပြင်ပြောင်းလဲရခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့်မူ ဤနှစ်နှစ်တာကာလအတွင်းတွင် နိုင်ငံရေးတည်ငြိမ်အောင်၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်၊ စီးပွားရေးပိတ်ဆို့ တားဆီးမှုများကို ဖယ်ရှားနိုင်အောင် ဆောင်ရွက်ရသည့်အပြင် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် လူမျိုးရေး၊ ဘာသာရေးအသွင်ဆောင်သည့် ပဋိပက္ခများ၊ ခေတ်ဟောင်း စနစ်ဟောင်းက ပြည်သူများ မကျေနပ်ခဲ့မှုအပေါ် လှုပ်ရှားတောင်းဆိုမှုများ၊ သဘာဝဘေးဒဏ်များ စသည့်အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

သို့သော်လည်း နားလည်စာနာမှုရှိသည့် ပြည်သူများ၏ထောက်ခံအားပေးမှု၊ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့မှုများကြောင့် ယင်းအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်များ ရှိသကဲ့သို့ ရင်ဆိုင်နေရဆဲလည်း ရှိပါကြောင်း၊ ပြည်သူများအပေါ်ထားရှိသည့် စိတ်ရင်းစေတနာသာ အဓိကဖြစ်သည့်အတွက် ရှေ့ကိုဆက်ပြီး စိတ်စေတနာကောင်းကောင်းဖြင့် ဆောင်ရွက်သွားကြရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း။

အဓိကမှာ တိုင်းပြည်တွင် စီးပွားရေးသိသိသာသာတိုးတက်ရန် အရေးကြီးပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအပေါ် များစွာတည်မှီနေသည့်အတွက် ပြည်သူများအပိုင်းကလည်း တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဝိုင်းဝန်းကူညီကြရန် အရေးကြီးပါကြောင်း၊ ပြစ်တင်ဝေဖန်ကြမည့်အစား ကိုယ့်လူမျိုးအချင်းချင်း ဝိုင်းဝန်းကူညီလိုသည့် မြင့်မြတ်သည့် စိတ်ထားများ ပြောင်းလဲပေးကြရန် လိုအပ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ပေါင်း ၆၀ ကျော်ကြာညောင်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်

ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းသည် မိမိတို့အစိုးရ၏ဦးစားပေးလုပ်ငန်းဖြစ်သော်လည်း ယနေ့အထိ ထိထိရောက်ရောက် မလုပ်နိုင်သေးသည်ကို တွေ့ရပါကြောင်း၊ ဆင်းရဲနွမ်းပါးသူများ၏အဓိကလိုအပ်ချက်သည် ငွေကြေးအရင်းအနှီးဖြစ်ပါကြောင်း၊ ငွေကြေးအရင်းအနှီးကို စနစ်တကျ ထိထိရောက်ရောက် ချေးငှားပေးနိုင်မည်ဆိုလျှင်၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဆိုလျှင် ဆင်းရဲနွမ်းပါးမှု သိသာစွာလျော့ကျသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ငွေကြေးအရင်းအနှီးကို မည်သည့်နည်းစနစ်ဖြင့် ချေးငှားမည်၊ ကိုယ်ပိုင်လုပ်ငန်းလေးများကို မည်သို့မတည်ထူထောင်ပေးမည်ဆိုသည်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် ငွေကြေးအရင်းအနှီးရှိသူအချို့ကို မိမိဒေသအတွင်းတွင် အသေးစားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ရင်းနှီးလုပ်ကိုင်လာအောင် အားပေးရန်လိုအပ်ပါကြောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ သမဝါယမစနစ်ဖြင့်သော်လည်းကောင်း လုပ်ကိုင်နိုင်အောင်ဖန်တီးပေးရမည်ဖြစ်ပြီး လုပ်ငန်းငယ်လေးများကို အခွန်အခ ကင်းလွတ်ခွင့်ပေးပြီး ငွေကြေးအရင်းအနှီးကိုလည်း ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာကဏ္ဍစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးအဆင့်မှ စက်မှုကို အခြေခံသည့်အဆင့်သို့ မကူးပြောင်းနိုင်သေးသည့်အတွက် လောလောဆယ် စိုက်ပျိုးရေးကဏ္ဍကို အခြေခိုင်မာအောင် ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍတွင် လက်ရှိထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု(၅)ရပ်ဖြစ်သည့် စိတ်ဓာတ်များပြောင်းလဲရန်၊ လယ်မြေများ တန်ဖိုးရှိအောင် ပြောင်းလဲရန်၊ အထွက်တိုးမျိုးများ ပြောင်းလဲရန်၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပြောင်းလဲရန်နှင့် စက်မှုလယ်ယာပြောင်းလဲရန် ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မည်မျှပြောင်းလဲနိုင်ပြီဆိုသည်ကို ပြန်လည်စိစစ်ရမည်ဖြစ်ပါကြောင်း။

ယခုအခါ ပြည်ပမှရင်းနှီးမြှုပ်နှံလိုသူများအတွက် ဥပဒေရှိပြီးဖြစ်သည့်အပြင် စီးပွားရေးပိတ်ဆို့မှု အတားအဆီးများကိုလည်း ဖယ်ရှားနိုင်ခဲ့ပြီဖြစ်၍ ပြည်ပမှရင်းနှီးမြှုပ်နှံလိုသူများကိုရှာဖွေပြီး တိုင်းပြည်အတွက်၊ ပြည်သူများ

ဖြင့် ပြည်ပခရီးသွား နှစ်စဉ် သုံးသန်းခန့် ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

စီးပွားရေးတိုးတက်အောင် ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်/သတ္တု၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းများနှင့်ဆက်သွယ်ရေး စသည့်ကဏ္ဍများကို နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်နိုင်မှသာ တိုင်းပြည်၏ GDP သိသိသာသာတိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ GDP တိုးတက်မှုနှင့်အတူ ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝပါ လိုက်ပါတိုးတက်အောင် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ကျန်ရှိသည့် ၃၁ လတာကာလအတွင်း ပြည်သူတစ်ဦးချင်း ခံစားနိုင်သည့် ရေ၊ မီးရရှိရေး၊ သွားလာမှုအဆင်ပြေရေး၊ ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူမှု စီးပွားဘဝ သိသာစွာ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးတာဝန်ယူပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းမှာကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက စတုတ္ထအဆင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက e-Government လုပ်ငန်း တိုးမြှင့်ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကာလတို ငါးနှစ်စီမံကိန်း(မူကြမ်း) ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများမှ ဥက္ကဋ္ဌများက ဒေသန္တရစီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အစည်းအဝေးကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ စည်းဝေး ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာ ငါးစောင်အား ယာယီထုတ်ဝေခွင့်ပြု

နေပြည်တော် ဇွန် ၂၅

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အစည်းအဝေး (၅/၂၀၁၃) ကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၌ကျင်းပရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာလျှောက်ထားမှုများနှင့် ပြည်ပမှ တင်သွင်းလာသည့်စာစောင်များ ဖြန့်ချိရေးကိစ္စတို့ကို စိစစ်ဆောင်ရွက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများအား ၁-၄-၂၀၁၃ ရက်မှ စတင်၍ ထုတ်ဝေခွင့်ပြုခဲ့ရာ တတိယအကြိမ်အထိ သတင်းစာ ၂၆ စောင်အား ထုတ်ဝေခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယခု စတုတ္ထအကြိမ်အထိ အောက်ဖော်ပြပါအတိုင်း ယခင်စိစစ်ဆဲလျှောက်လွှာများထဲမှ ပြန်လည်တင်ပြလာသည့် လျှောက်လွှာတစ်စောင်၊ ထပ်မံလျှောက်ထားလာသည့်လျှောက်လွှာလေးစောင် စုစုပေါင်းလျှောက်လွှာ ငါးစောင်အား ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် စိစစ်ပြီး ၁-၇-၂၀၁၃ ရက်မှစ၍ ယာယီထုတ်ဝေခွင့် ပြုလိုက်သည်။

(က) People Net Daily (လျှောက်ထားသူ ဒေါ်လဲ့ယဉ်ဝင်း)
(ခ) မြန်မာ့သဝဏ်နေ့စဉ် (The Myanma Thawon Daily) (လျှောက်ထားသူ ဦးသန့်စင်)
(ဂ) မြန်မာဝတီနေ့စဉ်သတင်းစာ (The Myanmarwady Daily) (လျှောက်ထားသူ ဒေါ်စမ်းစမ်းဝင်း)
(ဃ) မြန်မာနေ့စဉ် (The Myanmar Daily) (လျှောက်ထားသူ ဒေါ်ယမင်းထင်အောင်)
(င) Victory နေ့စဉ်သတင်းစာ (လျှောက်ထားသူ ဒေါ်ခင်နီလာဝေး)

ထို့နောက် ပြည်ပမှတင်သွင်းလာသော စာစောင်များဖြန့်ချိရေးကိစ္စကိုဆွေးနွေးရာ ဇူလိုင် ၁ ရက်တွင် ထုတ်ဝေမည့် Time မဂ္ဂဇင်း Vol.182. No.1 တွင်ဖော်ပြသော THE FACE OF BUDDHIST TERROR ဆောင်းပါးပါအချက်အလက်များသည် ပြည်တွင်း၌ပြုလုပ်နေသော ဘာသာပေါင်းစုံအကြား နားလည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်စေနိုင်သည့်အပြင် မလိုလားအပ်သောပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်လာစေသည်အထိ ဘေးအန္တရာယ်ကျရောက်သွားနိုင်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၁၊ ၃၆၂၊ ၃၆၃ နှင့် ၃၆၄ ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကိုလည်း ဖောက်ဖျက်ရာကျရောက်နိုင်သဖြင့် မလိုလားအပ်သော ပဋိပက္ခများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီက လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံသွားရန် ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ ကောဒသမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက်မှ ၂၇ ရက်အထိ ၁၃ ရက်တိုင်တိုင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေသည့် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့တွင် ကောဒသမနေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်ကာပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများရောင်းချလျက်ရှိရာ မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်တွင် စုရုံးရောက်ရှိနေကြကာ ကျောက်စိမ်းအတွဲများကို သူ့ထက်ငါသာအပြိုင်အဆိုင် ယှဉ်ပြိုင်ဈေးပေးဝယ်ယူကြသည်။

ကျောက်စိမ်းခန်းမ မြေညီထပ်တွင် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာအရောင်းဆိုင်များတွင်လည်း လေ့လာကြည့်ရှုသူ၊ ဝယ်ယူသူ၊ ပြည်တွင်းပြည်ပရတနာကုန်သည်များနှင့် စည်ကားသက်ဝင်လျက်ရှိသည်ကို တွေ့ရှိရသည်။

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်တာဝန်ရှိသူများနှင့်အတူ ပြည်တွင်းပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုအခြေအနေကို ကြည့်ရှုအားပေးခဲ့သည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၃ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ဇွန် ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် ကျောက်စိမ်းအတွဲ ၁၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာကျောင်းဆောင်တော်များပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပင့်ဆောင်တော်မူ လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်တိုက် ဒုတိယကျောင်းထိုင်ဆရာတော် စစ်ချိဖော်နှင့် ရဟန်းတော် ၁၈ ပါးနှင့် လူပုဂ္ဂိုလ် ၆၄ ဦးတို့သည် ယနေ့ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမသို့ လာရောက်၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုနှင့် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများ၊ လက်ဝတ်ရတနာဆိုင်ခန်းများအား လှည့်လည်ကြည့်ရှု လေ့လာကြရာ(ယာပုံ) ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်များအတွက် ပညာရည်မြင့်မားလာရေး အစွမ်းကုန်မြှင့်တင်ဆောင်ရွက်သွားမည်

ရန်ကုန် ဇွန် ၂၅

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံအကျဆုံးမှာ ပညာရေးကဏ္ဍဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းက ပညာရေးကို ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြသည်။ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများကိုကြည့်ပါက ပညာရေးကို အဓိကထားရင်းနှီးမြှုပ်နှံပြီး အဆင့်မြင့်ပညာရေးစနစ်၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးမြူလျက်ရှိသည်ကို တွေ့မြင်ရပေလိမ့်မည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသည့် ယခုကဲ့သို့သောအချိန်တွင် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီစွာဖြင့် သင်ကြားပို့ချသင်ယူနိုင်စေရန် ပြန်လည်အဆင့်မြှင့်တင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ဆောင်ရွက်နေသည့်အထဲမှ ရန်ကုန်တက္ကသိုလ်က အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့်ပူးပေါင်းဆောင်ရွက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးအတွက် မည်သို့ဆောင်ရွက်မည်ကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မယ်လို့ သိရပါတယ်။ ဆောင်ရွက်မည့်အစီအစဉ်များကို သိပါရစေ။

ဖြေ။ ။ အဆင့်မြင့်ပညာကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၁၃)ရပ်မှာ "နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော ကွန်ရက်များမြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်" ပါရှိပါတယ်။ ၂၀၁၁ခုနှစ် မတ်လ ၃၀ ရက်နေ့က နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုပညာရေးဝန်ကြီးရဲ့ ကြီးကြပ်မှုဖြင့် ပညာရှင်ကြီးများနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီး Development Partners များနဲ့ ထပ်မံဆွေးနွေးခဲ့ပါတယ်။ နောက်ဆုံး Regional Level ဆွေးနွေးပွဲနဲ့ National Level ဆွေးနွေးပွဲတွေရဲ့ ရလဒ်အဖြစ် ချမှတ်ခဲ့တဲ့ ရှေ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်

နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အမေရိကန်ပြည်ထောင်စု Johns Hopkins Universityရဲ့President Prof. Ronald J.Daniels ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ ၂၀၁၂ခုနှစ်မှာတာဝန်ရှိသူများနဲ့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်မှာ Center of Excellence တည်ထောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။CoE ပထမအဆင့်မှာ Social Science ဘာသာရပ်တွေဖြစ်တဲ့ International Relations,Law, History, Philosophy နဲ့ Psychology ဘာသာရပ်တွေ၊ Public Administration နဲ့ Economics ဘာသာရပ်တွေမှာ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ CoE ဒုတိယအဆင့်မှာ Life Science ကို ဦးတည်မှာဖြစ်ပါတယ်။

ယခုလက်ရှိ အမေရိကန်နိုင်ငံ Johns Hopkins University က ပါမောက္ခ Prof. Karl Jackson ဦးဆောင်ပြီး ကိုရီးယားသမ္မတနိုင်ငံ Chung Ann University မှ ပညာရှင်များပူးပေါင်းကာ ရန်ကုန်တက္ကသိုလ်မှာ International Relations နဲ့ Political Economy ဘာသာရပ်ကို တစ်နှစ်သင်တန်းပို့ချလျက်ရှိရာမှာ ဘာသာရပ်အသီးသီးက ဆရာ ဆရာမ ၃၆ ဦး တက်ရောက်လျက်ရှိပါတယ်။

မေး။ ။ ပညာရေးအဆင့်အတန်းမြှင့်တင်ရေးအတွက် အပြန်အလှန်ပညာသင်စေလွှတ်မည့် အစီအစဉ်ရှိရင်လည်း ပြောပြပေးပါ။

ဖြေ။ ။ ရန်ကုန်တက္ကသိုလ်နဲ့ Johns Hopkins တက္ကသိုလ်တို့ သဘောတူညီထားတဲ့ Concept Statement အရ Johns Hopkins တက္ကသိုလ်က ပညာရှင်တွေလာပြီး ရက်တိုသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး မြန်မာဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူ Scholars တွေကို နိုင်ငံခြားတက္ကသိုလ်တွေကို ဖိတ်ကြားမှာဖြစ်ပါတယ်။

မေး။ ။ ယခုလိုဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်နဲ့ ကျောင်းသားလူငယ်များအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရလာနိုင်မလဲ။

ဖြေ။ ။ ယခုလိုဆောင်ရွက်ခြင်းဖြင့် ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူများအတွက် Capacity Building ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အနာဂတ်နိုင်ငံတော်အတွက် အထူးအကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။

မေး။ ။ အခြားတက္ကသိုလ်များစွာရှိတဲ့အထဲက ဘာကြောင့် Johns Hopkins တက္ကသိုလ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ရွေးချယ်ခဲ့ရတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ယခင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ ခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးနဲ့ ဆွေးနွေးမှုရဲ့ ရလဒ်အဖြစ် Johns Hopkins တက္ကသိုလ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စတင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အခြားသော နိုင်ငံတကာတက္ကသိုလ်များနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

မေး။ ။ Johns Hopkins အပြင် အခြားဘယ်တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိသေးလဲသိပါရစေ။

ဖြေ။ ။ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းရှစ်ခုနဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀ ခုနဲ့ လက်မှတ်ရေးထိုးဖို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှု စာချွန်လွှာရေးထိုးထားတဲ့ တက္ကသိုလ်သုံးခုရှိပါတယ်။ ထိုင်းနိုင်ငံ Thepsatri Rajabhat University ၊ ကိုရီးယားသမ္မတနိုင်ငံ Hankok University နဲ့ ကိုရီးယားသမ္မတနိုင်ငံ Korea Foundation for Advanced Studies တို့နဲ့ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဂျပန်နိုင်ငံ Nagoya University နဲ့ ဩစတြေးလျနိုင်ငံ Australia National University တို့နဲ့ နားလည်မှုစာချွန်လွှာ မကြာမီလက်မှတ်ရေးထိုးမှာဖြစ်ပါတယ်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားတဲ့ ဒီတက္ကသိုလ်တွေနဲ့လည်း ပညာရေး မြှင့်တင်မှုအတွက် ချိတ်ဆက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

သတင်းဆောင်းပါး - ဝင်းဝင်းမော်၊ နန္ဒာဝင်း

မေး။ ။ ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့တဲ့ ကျောင်းသားများအတွက်ရော အကျိုးဝင်ပါသလား။

ဖြေ။ ။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေဟာ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူအားလုံးအတွက် ဖြစ်ပါတယ်။

မေး။ ။ ယခုနှစ် အမှတ်စာရင်းမြှင့်တင်မှုအစီအစဉ်ရှိရင်လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ အမှတ်စာရင်းမြှင့်တင်တယ်ဆိုတာ မရှိပါဘူး။ ပညာရေးဝန်ကြီးဌာနမှ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်အလိုက် သိပ္ပံချွန်/ဝိဇ္ဇာချွန်ထူးချွန်ကျောင်းသားများ ရွေးချယ်ပြီး အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်အဖြစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး **ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်ရဲ့ ဘာသာရပ်တစ်ခုစီမှာ ထူးချွန်ကျောင်းသား ၁၅ ဦးစီ ရွေးချယ်ပြီး ပထမနှစ်သင်တန်းမှ စတင်သင်ကြားပြီး ပါရဂူဘွဲ့ရသည်အထိ အထူးပြုစုပျိုးထောင်မည့် သိပ္ပံချွန်/ဝိဇ္ဇာချွန်ဆု အစီအစဉ်ရှိပါတယ်။**

မေး။ ။ မြန်မာ့ပညာရေးနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားချင်တာတွေရှိရင်လည်း သိရှိလိုပါတယ်။

ဖြေ။ ။ အဆင့်မြင့်ပညာကဏ္ဍ တိုးတက်ရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာတွေဟာ ဘာသာရပ်တစ်ခုစီရဲ့ တစ်နိုင်ငံလုံးရှိတက္ကသိုလ်အသီးသီးက ပါမောက္ခကြီးများအားလုံး စုပေါင်းပြဋ္ဌာန်းထားတဲ့ နိုင်ငံတကာအဆင့်မီသင်ရိုးတွေ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်တိုင်းမှာ Student Service Center တွေ ဖွင့်ပြီး ကျောင်းသား ကျောင်းသူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေပြီဖြစ်တဲ့အပြင် ပြည်ထောင်စုပညာရေးဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျောင်းသားကျောင်းသူများ University Atmosphere ကိုအပြည့်အဝ ခံစားနိုင်ရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိတဲ့အပြင် တက္ကသိုလ်တွေမှာ Class Size ကို လျှော့ချဖို့ ဆောင်ရွက်နေပြီဖြစ်တယ်။ နိုင်ငံတကာတက္ကသိုလ်၊ အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ဆောင်ရွက်မှုများဟာလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာနေပြီဖြစ်တယ်။အဆင့်မြင့်ပညာကဏ္ဍတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၁၃)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် မြန်မာ့ပညာရေးဟာ အရှေ့တောင်အာရှအဆင့်မှသည် နိုင်ငံတကာအဆင့်သို့ တိုးတက်မြင့်မားလာတော့မယ်လို့ ယုံကြည်တဲ့အကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်းမှ အပြန်တွင် မလှမ်းမကမ်းရှိ ရန်ကုန်တက္ကသိုလ်နယ်မြေကို လှမ်းမျှော်ကြည့်ရင်း အနာဂတ်မြန်မာနိုင်ငံကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတကာနှင့် အာဆီယံတက္ကသိုလ်များမှ သင်ကြားမှုပုံစံများကိုလေ့လာကာ သုတေသနလုပ်ငန်းများကို အဘက်ဘက်က အစွမ်းကုန်မြှင့်တင်ဆောင်ရွက်တော့မည့်မြင်ကွင်းများကို မြင်ယောင်လာမိသည်။ ထိုမှတစ်ဆင့် ပညာရည်ပြည့်ဝလာတော့မည့် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းပကားအားမာန်များဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်လာတော့မည်ကို မလွဲဧကန် ယုံကြည်မျှော်လင့်မိပါတော့သည်။

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ) ရေလမ်းကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဇွန် ၂၅

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့်(၂)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကို ဇွန် ၂၈ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ်ရေလယ်တိုင် အမှတ်(၁) နှင့်(၂) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

မီးနီထွန်းပြသ

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ညအခါ မီးစိမ်းထွန်းပြသထားမည်၊ မဝင်ရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

သတိပေးနှိုးဆော်

ရေယာဉ်များ ရေလယ်တိုင် (၂) ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ယူနန်ဖိနပ်စက်ရုံများသို့ တစ်လယွမ် ၁၂၀၀ နှုန်းဖြင့် တရားမဝင် အလုပ်သွင်းပေးခဲ့သူအား မတ္တရာရဲစခန်းက အမှုဖွင့်အရေးယူထား

မန္တလေး ဇွန် ၂၅

ပြည်ပအလုပ်အကိုင်ရှာဖွေရေး လိုင်စင်ခွင့်ပြုချက်မရှိဘဲ တရားမဝင်ပို့ဆောင်သည့် လူကုန်ကူးသူများအား အရေးယူဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ ဒုတိယရဲမှူး မျိုးဇင်က ဇွန် ၁၈ ရက်တွင် တရားလိုပြုတိုင်တန်းမှုအရ မတ္တရာမြို့နယ် ဆည်တော်ကြီးရဲစခန်းက တရားမဝင် လူတင်ပို့သူလေးဦးအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်မှာ မန္တလေးမှ သက်ဦး (ခ) သက်နိုင်ဦးက မတ္တရာမြို့နယ် မြစ်ကမ်းကျေးရွာမှ ဇော်ဦး၊ စိုးခိုင်၊ ဝေဖြိုးနှင့် ဟိန်းကိုတို့အား တရုတ်နိုင်ငံ ယူနန်ပြည်နယ် လူစီးမြို့ရှိ ဖိနပ်စက်ရုံသို့ ၂၀၁၂ ဖေဖော်ဝါရီ ၁၉ ရက်က ခေါ်ဆောင် အလုပ်သွင်းပေးခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ၌ မူလခေါ်ဆောင်သူ သက်ဦးနှင့် လိုက်ပါသူများထဲမှ စိုးခိုင်ဆိုသူ ပြန်လည်ရောက်ရှိလာပြီး ရွာသား ၁၀ ဦးတို့အား တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်ရန် ထပ်မံခေါ်ဆောင်သွားသည့်အပြင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ ၎င်းတို့သည် ရွာအတွင်းရှိ အလုပ်လုပ်လိုသူများအား သုံးကြိမ်တိတိခေါ်ဆောင်သွားခဲ့ကြောင်းသိရ၍လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့(မန္တလေး)မှ ဒုတိယရဲမှူးမျိုးဇင်နှင့် တာဝန်ရှိသူများသည် မတ္တရာမြို့နယ် မြစ်ကမ်းရွာသို့ သွားရောက်ပြီး တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိနေသူများဖြစ်သည့်မသက်ထားဦး (၂၈ နှစ်)နှင့် ကျန်သုံးဦးတို့အား စုံစမ်းရာမှ သက်ဦးမှာ တရုတ်နိုင်ငံရှိ ပွဲစားလင်မယားနှင့်ဆက်သွယ်ပြီး ပထမအသုတ်လေးဦးအားပို့ဆောင်ပေးသည့်အပြင် ထိုလေးဦးထဲမှ ဇော်ဦး၊ စိုးခိုင်နှင့်ဟိန်းကိုတို့မှာ ရွာသို့ခေတ္တပြန်လာပြီး တရုတ်နိုင်ငံရှိ စက်ရုံအသီးသီး၌ အလုပ်လုပ်ကိုင်ရန် အလုပ်သမားများခေါ်ယူပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ၎င်းတို့သည် တစ်လလျှင်ယွမ် ၁၂၀၀ နှုန်း လစာရရှိခဲ့ကြပြီး ပထမဆုံးလစာအား လမ်းစရိတ်အဖြစ် ဖြတ်တောက်ထားသည်။ ယူနန်ပြည်နယ် လူစီးမြို့ ဖိနပ်စက်ရုံများသို့ မန္တလေးတိုင်းဒေသကြီးမတ္တရာမြို့နယ် မြစ်ကမ်းရွာ၊ စလေရွာ၊ ငွေးပင်ရွာများမှ ဒေသခံများအား အလုပ်ပွဲစား တရုတ်လင်မယားထံ အပ်နှံအလုပ်သွင်းပေးခဲ့ကြောင်းသိရသဖြင့် သက်နိုင်ဦး (ခ) သက်ဦး၊ ဇော်ဦး၊ စိုးခိုင်၊ ဟိန်းကိုတို့အပေါ် အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲ ဇေယျာသီရိမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်း မြို့မရဲစခန်းတွင် ဇွန် ၂၃ ရက် ညနေ ၄ နာရီခွဲက ကျေးရွာအုပ်စု ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းဝင်း၊ စခန်းမှူး ရဲအုပ်ကျော်နိုး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဇေယျနှင့် ကျေးရွာအုပ်စု ရပ်မိရပ်ဖ ၂၅ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရပ်ကွက်/ကျေးရွာအတွင်း လုံခြုံရေးပိုင်းဆိုင်ရာများ၊ မဟုတ်မမှန်ကောလာဟလထုတ်လွှင့်မှုမရှိစေရေး၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှု ကင်းရှင်းရေး၊ မှုခင်းများကျဆင်းရေးတို့အတွက် ရဲတပ်ဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး စခန်းမှူး **(အပေါ်ပုံ)**နှင့် နယ်ထိန်းခေါင်းဆောင်တို့က မှုခင်းပိုင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများက ကျေးရွာရပ်ကွက်အတွင်းရှိ တွေ့ကြုံနေရသည့် အခက်အခဲများ၊ မှုခင်းကာကွယ်ရေးလုပ်ငန်းများကို တစ်ဦးချင်းအကြံပြုဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြောင်း သိရသည်။

ကျော်သူဝင်း(မြန်မာ့အလင်း)

မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်း ဟောပြော

ကလေး ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့်ချင်းပြည်နယ် တီးတိန်မြို့နယ်စပ်ဖြစ်သည့် ကလေးတက္ကသိုလ်၌ ဇွန် ၂၀ ရက်က မူးယစ်ဆေးဝါးနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း ဟောပြောရာ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစောငွေက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)အကြောင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအကြောင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ ရဲမှူးကြီး ဦးမြင့်ဦးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများအကြောင်း ဟောပြောသည်။

ထို့နောက် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးသိန်းဝင်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့်မှုခင်းပညာပေးကိစ္စရပ်များ ပညာပေးပြောကြားသည်။

ဆက်လက်၍ ယာဉ်စည်းကမ်းနှင့်ပတ်သက်သော လိုက်နာရမည့် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို မေးမြန်း၍ သိရှိလိုသည်များ ပြန်လည်ဖြေကြားကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ မန်းစည်ပင် မော်တော်ယာဉ်လှူဒါန်း

မန္တလေး ဇွန် ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ EXTRA 9 AB မော်တော်ယာဉ်တစ်စီးလှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဌာနဆိုင်ရာ စည်ပင်သာယာအကြံပေးအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲအရာရှိကြီး ဇော်ဝင်းအောင်၊ အမှတ် (၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲဌာနမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦး၊ အမှတ် (၁၁) ယာဉ်ထိန်းဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး သိန်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနားမှူးက ယာဉ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး မန္တလေးမြို့တော်ဝန်က ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ ယာဉ်ထိန်းဒုတိယတပ်ဖွဲ့ခွဲမှူးက လက်ခံယူပြီး **(အပေါ်ပုံ)**ကျေးဇူးတင်စကား ပြောကြားသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၂၀၀၀ ခုနှစ် ဖေဖော်ဝါရီလကလည်း ပထမအကြိမ်အဖြစ် လင်ရိုဗာ ၃ ဂျိတ်မော်တော်ယာဉ်တစ်စီးလှူဒါန်းပြီး ယခုလှူဒါန်းခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဆရာဦးကိုလေး ရာပြည့်အကြိုဟောပြောပွဲကျင်းပ

မန္တလေး ဇွန် ၂၅

မန္တလေးတက္ကသိုလ်စတင်တည်ထောင်ခဲ့သည့် ဒုတိယအဓိပတိ ဆရာကြီးဦးကိုလေး မွေးနေ့ရာပြည့်အကြိုဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတက္ကသိုလ်မြန်မာစာဌာနပါမောက္ခ(ငြိမ်း) ဒေါက်တာမောင်မောင်လေးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားပြီး မွေးနေ့ရာပြည့်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်(နေပြည်တော်)က မွေးနေ့ရာပြည့်အကြိုဟောပြောပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာမောင်သာနိုး၊ စာရေးဆရာဒါရိုက်တာ မောင်မိုးသူ၊ ဆရာဂုဏ်ထူး ဦးသိန်းနိုင်နှင့် ဦးဘုန်း(ဓာတု)တို့က ဆရာကြီးဦးကိုလေး၏ ကျေးဇူးဂုဏ်ရည်တို့ကို ဟောပြောကြသည်။

အဆိုပါ မန္တလေးတက္ကသိုလ် စတင်တည်ထောင်ခဲ့သည့် ဒုတိယ အဓိပတိ ဆရာကြီး ဦးကိုလေးကို ၁၉၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စစ်ကိုင်းမြို့၌ (အဖ) မြို့ဝန်နွယ်ဦးဘကောင်းနှင့် အမိ မလှသင်း အတွင်းဝန်နွယ်ဒေါ်တင်တို့က မွေးဖွားခဲ့ပြီး မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိအဖြစ် ၁၉၅၈ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ဇွန် ၂၅ ရက် အသက် ၉၀ ကျော်တွင် ဇေယျာရွှေမြေ ဧည့်ပါမောက္ခရိပ်သာတွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

တင်မောင်-မန္တလေး

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကျေးရွာများ၌တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

ပုသိမ်ကြီး ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာစံပြကျေးရွာ၌ ဇွန် ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့သည်။ ကျေးရွာပြည်သူများတွင် အများဆုံးအဖြစ်များသည့်ရောဂါများဖြစ်သော ဆီးချိုရောဂါ၊ အရိုးအကျောကျီးပေါင်းတက်ရောဂါ၊ သွေးချို သွေးတိုးရောဂါများအတွက် ခေတ်မီဆေးပစ္စည်းကိရိယာများနှင့် ပြုစုစမ်းသပ်ပြီး မြန်မာတိုင်းရင်းဆေးဝါးများဖြင့် ကုသပေးကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးမှူး ဦးအုန်းဆွေမြင့်၊ ခရိုင်ဦးစီးမှူးဒေါ်သန်းဦး၊ ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးသစ်လွင်နှင့် မြို့နယ်ကြီးကြပ်ရေးအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူ၃၀၀ ကျော် တက်ရောက်ကြသည်။ မြန်မာတိုင်းရင်းဆေးဖြင့် ကျန်ရှိသောကျေးရွာများသို့ ဆက်လက်၍ ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ကောက်ရရွှေဆွဲကြိုး ပိုင်ရှင်ထံပြန်ပေး

စစ်ကိုင်း ဇွန် ၂၅

စစ်ကိုင်းမြို့ ပါရမီရပ်ကွက် စကိတ်ကစားကွင်းတွင် မောင်ဇော်မင်းဌေးက သွားရောက်၍ စကိတ်စီးခဲ့ရာမှ တန်ဖိုးငွေကျပ် ၄၇၂၃၀၀ တန်ဖိုးရှိ ပေသီးကြိုးရွှေဆွဲကြိုးတစ်ကုံးကျပျောက်ခဲ့ရာ Royal စကိတ်ကစားကွင်းပိုင်ရှင် ဒေါက်တာအောင်ကိုမင်းက ကျပျောက်သွားသည့် ဆွဲကြိုးကိုကောက်ရခဲ့သဖြင့် ပါရမီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၄ ရက် နံနက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ငွေ၊ ရပ်မိရပ်ဖ ဦးကျော်တို့ ရှေ့မှောက်တွင် ပိုင်ရှင်ဖြစ်သူ ဇော်မင်းဌေး၏ မိခင် ဒေါ်ရီစန်းထံသို့ ပြန်လည်ပေးအပ်လိုက်ကြောင်း သိရသည်။ **(၁၄၀)**

မူးယစ်ဆေးရောင်းချသူများအား ကွင်းဆက်ဖြင့်ဖမ်းမိ

ကျောက်ပန်းတောင်း ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဇွန် ၁၃ ရက် နံနက် ၄ နာရီခွဲက ဈေးကွက်သစ်ရပ်ကွက်၌ မသင်္ကာဖွယ်လူတစ်ဦးတွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံအပ်နှံပြီး ရဲစခန်းသို့ သတင်းပို့ခဲ့ရာ နယ်ထိန်းရဲတပ်ကြပ်ကြီး တင်စိုးက မသင်္ကာဖွယ် မောင်ဟိန်းကို (၁၈ နှစ်) သာယာအေးရပ်ကွက်နေသူအား စစ်ဆေးပြီး ၎င်းအားရဲစခန်းသို့ ခေါ်ဆောင်၍ သက်သေများရှေ့တွင် ရှာဖွေခဲ့ရာ ၎င်းလွယ်ထားသော အစိမ်းရောင်လွယ်အိတ်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော WY စာတန်းပါ ဆေးပြားတစ်ပြား၊ 88 စာတန်းပါ ပန်းရောင်ဆေးပြားတစ်ပြား၊ အရက်ပုလင်းခွံကိုထောင်၍ ပိုက်ပျော့တပ်ဆင်ထားသော စိတ်ကြွရူးသွပ်ဆေးပြားရှူရာတွင် အသုံးပြုသည့်ကိရိယာတစ်ခု၊ ဆေးပြားရှူရာတွင် အသုံးပြုသည့် ငွေရောင်စက္ကူအပိုင်းအစသုံးခု၊ ငွေစက္ကူရောရာ ၂၂၀၀ နှင့်အတူစစ်ဆေးဖော်ထုတ်မှုအရ ပြည်တော်သာရပ်ကွက်နေ ဌေးကျော်ဦး (၄၂ နှစ်)၏ နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်စစ်ဆေးခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသော အဖြူရောင်ပလတ်စတစ်ဆေးကတ်ဖြင့် ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်ဆေးပြားငါးပြား၊ အနက်ရောင်ပိုက်ဆံအိတ်တစ်လုံး၊ မြန်မာငွေစက္ကူရောရာ ကျပ် ၁၆၀၀၀၊ ဆေးသုံးစွဲရာတွင် အသုံးပြုသည်ဟုယူဆရသော ဆက်စပ်ပစ္စည်းများနှင့် ဆင်းကတ်ပါ HUAWEI အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည် ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ မြို့နယ်မှူး၊ ရဲမှူး၊ စခန်းမှူးတို့၏ကြီးကြပ်မှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်လွင်နှင့်တပ်ဖွဲ့ဝင်များ၊ သတင်းတပ် ဖွဲ့ မှ ဒုရဲအုပ်မျိုးမင်းတို့သည် သက်သေများနှင့်အတူ တမ္ပဝတီရပ်ကွက်ရှိ ဦးမျိုးကိုကိုနှင့် ဒေါ်မေသက်ဆွေတို့၏ အိမ်သို့ အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်ဝင်းအတွင်း အိမ်သာကြမ်းခင်းပေါ်မှ ဒေါ်မေသက်ဆွေ၏လက်အတွင်းနှင့် နေအိမ်ရှေ့ ဈေးဆိုင်ခန်းအတွင်းမှ ငှက်ပျောရွက်အပိုင်းနှင့်ထုပ်၍ တိပ်အကြည်ပတ်ထားသော ကမ္ဘာလုံးတံဆိပ်အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88 စာတန်းပါ စိတ်ကြွရူး သွပ်ဆေးပြားဟုယူဆရသော ပန်းရောင်းဆေးပြား ၂၀၃ ပြား၊ ပလတ်စတစ်အဖြူရောင်ဖြင့်ထည့်လျက် 88 စာတန်းပါ ဆေးပြား ၃၃ ပြား၊ မိန်းမ ကိုင် ပိုက်ဆံအိတ်တစ်လုံး၊ မြန်မာငွေ ရောရာ ငွေကျပ် ၁၂၂၅၀၊ အမှတ် ၀၉-၄၀ နံပါတ်ပါSAMSUNG အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ အမျိုးသမီးလက်ကိုင်အိတ် တစ်လုံး၊ ဆေးရှူရာတွင် အသုံးပြုသည်ဟု ယူဆရသော ဆက်စပ်ပစ္စည်းများနှင့် ငွေမင်ရောင်စက္ကူလိပ်တစ်လိပ်၊ BEL -10 တံဆိပ်ပါ ပလတ်စတစ်ကွန်ပါဘူးဖြင့်ထည့်လျက် ဆေးရှူရာတွင် အသုံးပြုသည့် ငွေမင်ရောင်စက္ကူအပိုင်းအစ ၂၀၊ အနီရောင်ပိုက်အဟောင်း ၁၀ ချောင်း၊ မီးခိုးရောင်ဂက်စ်မီးခြစ်တစ်လုံးတို့ကို သိမ်းဆည်းရမိရာ အဆိုပါ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းဝယ်သည်ဟု သံသယရှိသူ မောင်ဟိန်းကို၊ ဌေးကျော်ဦး၊ ဦးမျိုးကိုကိုဌေးနှင့် ဒေါ်မေသက်ဆွေတို့အား ကျောက်ပန်းတောင်းမြို့နယ်ရဲစခန်းက တရားလိုပြုလုပ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၁၈)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ

ရန်ကုန်　ဇွန်　၂၅

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများကို ဖိတ်ခေါ်ကျင်းပခဲ့ပြီး ဆုရရှိခဲ့ကြသည့်အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ဇွန် ၂၄ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု ရဲသူရအောင် (Golden Image)၊ ဒုတိယဆု ချိုချိုမြင့်(စီးပွားရေးတက္ကသိုလ်-ရန်ကုန်)၊ တတိယဆု ဇော်လှိုင် (ATK) တို့ရရှိကြသည်။ အထူးဆုများအဖြစ် စိုးလွင်(ရွှေခနေ့)၊ မျိုးမင်းကြွယ် (ရွှေတောင်ကြား)၊ မခင်မိုးပွင့်၊ မသင်းသင်းရီ၊ မင်းလွင်ဦးတို့က အသီးသီးဆုရရှိခဲ့ကြသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုဒေါ်ချိုနွယ်ဌေးဝင်း(ရှင်းသန့်ချို)က"ပင်လယ်ပြင်ကိုဖြတ်သန်းခြင်း" စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဦးရွှေသိဏ်း(ရဲရင့်ကျော်)က "လေကိုဆန်၍ ပျံကြပြီ" စာမူဖြင့်လည်းကောင်း၊ တတိယဆု ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)က "သိင်္ဂီရွှေခွက်၌သာတည်သော" စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဒေါ်ယုယုမော် (ယုယုမော်-စစ်ကိုင်း)က "နွယ်မြစ်သန့်စွာ"စာမူဖြင့်လည်းကောင်း၊ ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း)က "ဘယ်ပန်းသာလို့ ယဉ်ပါ့မယ်"စာမူဖြင့်လည်းကောင်း၊ ဦးစံရွှေမင်း(ကျော်ဖြိုးလွင်)က "မယ်သီတာလိုစည်းအပြင်ထွက်မိကြရင်ဖြင့်"စာမူဖြင့်လည်းကောင်း၊ ဒေါက်တာ မင်းလင်းဇော်ဦး(မင်းလှိုင်ထော)က "ပီတိမျက်ရည်" စာမူဖြင့်လည်းကောင်း၊ ဦးမျိုးမြင့်သိန်း(မျိုးသစ်)က "ခင်ထွေးကို အထင်သေးကြတယ်" စာမူဖြင့်လည်းကောင်း အသီးသီးဆုရရှိခဲ့ကြသည်။

ဆုရရှိကြသူများအား ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်အောင်မြင် ဘုရားလမ်း ဒက္ခိဏသီရိမြို့ နေပြည်တော် ဖုန်း ၀၆၇-၄၁၉၁၇၄၊ ၀၆၇-၄၁၉၁၈၉၊ ၀၆၇-၄၁၉၁၉၀၊ ၀၆၇-၄၁၉၁၉၁ သို့ ၂၀၁၃ ခုနှစ် ဇွန် ၂၈ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ မြေစိုက်ပိုစတာစိုက်ထူ

ပြည်　ဇွန်　၂၅

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ (Myanmar Womens Day) မြေစိုက်ပိုစတာစိုက်ထူပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ပြည်မြို့ ဗိုလ်ချုပ်ကျောက်ရုပ်အနီးတွင် ကျင်းပခဲ့သည်။

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူပွဲသို့ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်၊ အဖွဲ့ဝင်ဒေါ်ဥမ္မာနှင့် ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဘောက်နန်နှင့်အဖွဲ့ဝင်များ၊ ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့် အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ) (၁၀၅)**

ဘဝအမောပြေ

ကိုယ့်အခန်းကိုယ်ရှင်း

တက္ကသိုလ်ဝင်လျှောက်လွှာများ ခေါ်ယူနေချိန်

သား ။ ။ မေမေ…သား မေမေတို့လျှောက်ခိုင်းတဲ့ ဆရာဝန်၊ အင်ဂျင်နီယာလိုင်းတွေ မလျှောက်ချင်ဘူးမေမေ။

မေမေ ။ ။ ဟမ်. . . နေပါဦး၊ ဘာမေဂျာတွေများ လျှောက်မယ်စိတ်ကူးထားလို့လဲ။

သား ။ ။ သားက ကြီးလာရင် နိုင်ငံရေးသမားလုပ်ချင်တယ် မေမေ။ အဂတိခြစားမှုကင်းတဲ့ သန့်ရှင်းတဲ့နိုင်ငံဖြစ်အောင် ကြိုးစားမယ်။ ဒါကြောင့် နိုင်ငံရေးသိပ္ပံဘာသာရပ်ပဲယူမယ် မေမေ။

မေမေ ။ ။ အမလေးဟဲ့. . . ဒီလိုဆိုရင်လည်းသွား အပေါ်တက်၊ ကိုယ့်အခန်းကိုကိုယ် သန့်ရှင်းရေးအရင်သွားလုပ်။

သား ။ ။ ဟိုက်။

ထက်မြတ်ကြယ်စင်

ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့တွင် ကျင်းပမည်

ရန်ကုန်　ဇွန်　၂၅

မြန်မာစီနီယာပီဂျီအေက ကြီးမှူး၍ "2nd Myanmar Senior PGA Championship 2013" ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Senior Professional အဆင့် ဂေါက်သီးကစားသမားများ (မြန်မာစီနီယာပီဂျီအေအသင်းဝင်များသာ)ပြိုင်ပွဲနှင့် အသက် ၅၀ ပြည့်ပြီးသူ အပျော်တမ်းအဆင့် ကစားသမားများအတွက်ကိုပါ ပြိုင်ပွဲတစ်ရပ်ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးမှာ မြန်မာစီနီယာပီဂျီအေကစားသမားများအတွက် ငွေကျပ် ၂၀၀၀၀ နှင့် အသက် ၅၀ ပြည့်ပြီးသူ အပျော်တမ်းအဆင့် ကစားသမားများအတွက် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၅၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး(St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးကစားသမားများသည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ HAN Golf Master Pro Shop အေးရှားစင်တာ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း (မန္တလေး)နှင့် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၀၉-၄၂၀၀၇၈၃၅ ပြိုင်ပွဲကျင်းပမည့် ရွှေမန်းတောင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**



ပြည်တွင်းသတင်း

မလေးရှားရောက် ဒဏ်ကြေးဆောင်ရမည့်သူများအတွက် သီတဂူဆရာတော်ကူညီ

နေပြည်တော် ဇွန် ၂၅

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၌ ဒဏ်ကြေးပေးဆောင်ရန်ရှိနေသည့် မြန်မာအလုပ်သမား ၁၀၀ အတွက် သီတဂူသာသနာပြုအဖွဲ့ ကိုယ်စား သီတဂူဆရာတော်က ပေးဆောင်ခဲ့ကြောင်း သိရသည်။

ပြောကြား

"ဆရာတော်က ဇွန် ၂၄ ရက်ညနေမှာ မလေးရှားကိုရောက်ရှိခဲ့ပြီး immigration ကို သွားခဲ့ပြီး တစ်ဦးကို ရင်းဂစ် ၄၀၀ နှုန်းနဲ့ ဒဏ်ကြေးဆောင်ဖို့ အခက်အခဲရှိနေတဲ့ မြန်မာအလုပ်သမား ၁၀၀ အစား ဒဏ်ကြေး စုစုပေါင်း ရင်းဂစ် ၄၀၀၀၀ ကို ပေးဆောင်ခဲ့ပါတယ်။ ဆရာတော်အနေနဲ့ မြန်မာသံရုံးကို အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သူတွေကိုလည်း ဆက်သွယ်ကူညီပေးခဲ့တယ်" ဟုသီတဂူသာသနာပြုအဖွဲ့၏ အတွင်းရေးမှူး ဦးဟန်က ပြောကြားသည်။

သီတဂူဆရာတော်သည် ဇွန် ၂၄ ရက်က မလေးရှားအလုပ်သမားများအရေး ကူညီဆောင်ရွက်ရန်အတွက် သီတဂူအထောက်အကူပြုအဖွဲ့(မလေးရှား)ကို ဖွဲ့စည်းပေးခဲ့ပြီး အခက်အခဲရှိသူ မြန်မာလူမျိုးများအား ဆက်လက်အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်နှင့် အတူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တည်ထောင်ထားသည့် ရောဝတီဖောင်ဒေးရှင်းက မြန်မာအလုပ်သမား ၁၀၀ အား လေယာဉ်လက်မှတ်နှင့်တကွ immigration နှင့် လေဆိပ်သို့ ပို့ဆောင်ပေးရန် ဘတ်စ်ကားများ စီစဉ်ပေးခြင်းများ ပြုလုပ်ပေးနေကြောင်း အဆိုပါဖောင်ဒေးရှင်းနှင့် အကူအညီဆောင်ရွက်ပေးနေသည့် ရောဝတီစေတနာ့ဝန်ထမ်းအဖွဲ့ (မလေးရှား)မှ သိရသည်။ **ခင်ရတနာ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၅-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၉၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၈၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၄-၉၆၄	ကျပ်
ဥရောပ	တစ်ယူရို	၁၂၄၆-၁၂၆၄	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၄၄-၇၅၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၈-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၄၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၁-၃၀၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၂၈၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၆၂၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၁၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၃၀၀၀ -၂၈၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၀၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၁၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၅၇
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၆၀-၄၂၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၁၂၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၅၀-၉၁၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန်နှိုးဆော်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်မှုဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသော ရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာ ဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ကုန်ရထားတွဲ သီပေါ၌ လမ်းချော်

သီပေါ ဇွန် ၂၅

မန္တလေး-လားရှိုးအဆန်ကုန်ရထား အမှတ် ၂၅၉ သည် ဇွန် ၂၂ ရက် နံနက်က သီပေါ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စဥ့်အင်နှင့် မန်ဆန်ဘူတာ မိုင်တိုင် ၅၃၄/၅၂၆ အတွင်း ရထားတွဲဆိုင်းပါ GBHP-40704 ဘီးအမှတ် 1234 သည် သံလမ်းအတွင်းဘက်၊ ဘီးအမှတ် 5678 သည် သံလမ်းအပြင်ဘက်သို့ တွဲချော်ကျမှုဖြစ်ပွားခဲ့ရာ လမ်းချော်ရထားတွဲများကို ပြင်ဦးလွင်မှ လမ်းပိုင်းအင်ဂျင်နီယာနှင့် ကျောက်မဲ၊ သီပေါတို့မှ သံလမ်းဗိုလ်များ၊ ရုံးပိုင်နှင့် တာဝန်ရှိသူများက ပြန်လည်ပြုပြင်မှုကြောင့် မွန်းလွဲ ၂ နာရီတွင် ရထားများပုံမှန်ပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြည်နယ်ပြည်သူ့ဆေးရုံကြီး- ဘားအံမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ရက်၊ နံနက် ၁၀း၀၀နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၁-၇-၂၀၁၃ ရက်၊ ညနေ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်တွင် အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်နယ်ပြည်သူ့ဆေးရုံကြီး
ကရင်ပြည်နယ်၊ ဘားအံမြို့၊
ဖုန်း-၀၅၈-၂၁၂၅၁

(Open Tender)

(က) [illegible] [၃၀၀] [illegible]

ဆရာသိန်း အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

အမည်ပြောင်း အထက(၂)မရမ်းကုန်း တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မချောဆုသွယ်၏ဖခင်အမည်မှန်မှာ ဦးစန်းမြင့် ၁၂/သဃက(နိုင်)၀၆၉၉၇၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ် (၇၀)ရပ်ကွက်၊ ဆုထူးပန် ၇ လမ်း၊ မြေကွက်အမှတ် ၁၀၆၃၊ ဧရိယာ ပေ (၂၀×၆၀)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်အေး ၁၂/တမန(နိုင်)၀၀၀၅၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်း ၁၀/ပမန(နိုင်)၀၉၂၂၁၆က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဦးကျော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ
(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ Lawyer.hgp@gmail.com

ကန့်ကွက်နိုင်ပါကြောင်း

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သဟာရလမ်း၊ တိုက်အမှတ် (၇၀)၊ မြေညီထပ်၊ အခန်းအမှတ်(B/001)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဦးမာမက်စီဒီး(ခ)ဦးထွန်းလင်း ၁၂/ဗဟန(နိုင်)၀၈၂၇၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဥ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီးအမှတ် (၆)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ ဦးပိုင်အမှတ်(၂၀၅+၂၀၆)၊ မြေဧရိယာ ၀ဒသမ၁၂၄ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၁၀ ပေပတ်လည် တစ်ထပ် သစ်သားနေအိမ်အဆောက်အအုံတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်လွင်(ဘ)ဦးတင်မြင့် ၇/ပခန(နိုင်)၁၁၉၁၃၄နှင့်ဇနီး ဒေါ်နုနုစိုး(ဘ)ဦးချစ် ၇/ပခန(နိုင်)၁၃၀၃၇၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုဝင်း (ဘ)ဦးဝင်းဖေ ၇/ပခန(နိုင်)၁၇၇၆၈၂က ဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာဝင်း
တရားလွှတ်တော်ရှေ့နေ(စဥ်-၇၉၁၁/၁၁)
အမှတ် ၉၁၊ နဒီမင်္ဂလာလမ်း၊ ဘူတာပိုင်းရပ်ကွက်၊ သနပ်ပင်မြို့၊ ဖုန်း-၀၉-၄၅၈၀၂၁၄၂၈

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မပန်းမွှေး ၆/မမန(နိုင်)၁၄၅၀၂၁သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးပုငယ် ၆/မအရ(နိုင်)၀၃၆၅၆၁
မိခင်-ဒေါ်ပန်းညို ၆/မအရ(နိုင်)၀၃၆၅၂၀
အမှတ် ၃၅၆၊ ပုလဲသွယ်လမ်း၊ ဈေးတန်းရပ်၊ မြိတ်မြို့

ကွန်ဖက်ဒရေးရှင်းဖလား ဘာလော့တယ်လီမနွှဲနိုင်တော့

အီတလီနာမည်ကြီး တိုက်စစ်မှူး ဘာလော့တယ်လီသည် ပေါင်ခြံဒဏ်ရာရရှိသွားသဖြင့် လက်ကျန်ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို မကစားနိုင်တော့ကြောင်း ၎င်းက ပြောကြားသည်။ အသက် ၂၂ နှစ် ရှိ မန်စီးတီးတိုက်စစ်မှူးဟောင်း ဘာလော့တယ်လီသည် အုပ်စုပွဲတွင် မက္ကဆီကို၊ ဂျပန်တို့နှင့်ကစားသည့်ပြိုင်ပွဲများတွင် ဂိုးများသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် အီတလီနှင့် စပိန်တို့ ဇွန် ၂၇ ရက်တွင် ယှဉ်ပြိုင်မည့်အကြိုဗိုလ်လုပွဲမှစ၍ ပြိုင်ပွဲများနှင့် လွဲချော်မည်ဖြစ်သည်။

ရာဖေးလ်နာဒယ် ကမ္ဘာ့အဆင့် ၁၃၅ ရှိသူကိုရှုံးနိမ့်

ပြင်သစ်အိုးပင်းချန်ပီယံ ရာဖေးလ်နာဒယ်သည် လန်ဒန်မြို့၌ ကျင်းပလျက်ရှိသော ဝင်ဘယ်ဒန်ဖလားအဖွင့်ပွဲတွင် ကမ္ဘာ့အဆင့် ၁၃၅ ရှိ ဘယ်လ်ဂျီယံတင်းနစ်ကစားသမား စတိဗ်ဒါဆစ်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာသွားရပြီဖြစ်သည်။ သို့ရာတွင် ခုနစ်ကြိမ်ချန်ပီယံ ရော်ဂျာဖက်ဒရားနှင့် အင်ဒီမာရေးတို့ အဖွင့်ပွဲတွင် အသီးသီးသောပြိုင်ဘက်များကို အနိုင်ရလိုက်ကြသည်။ ဒါဆစ်က နာဒယ်ကို အနိုင်ရလိုက်ခြင်းသည် သူ၏တင်းနစ်ကစားသမားဘဝသက်တမ်းတစ်လျှောက် ကြီးမားသောအောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ ယင်းပွဲတွင် ဒါဆစ်သည် နာဒယ်ကို နှစ်နာရီနှင့် ၅၅ မိနစ်ကြာအောင် အသည်းအသန်ကစားခဲ့ရသည်။

ဘိုင်ယန်မြူးနစ်အောင်မြင်မှု ဂွါဒီယိုလာဆက်ထိန်းမည်

ဘိုင်ယန်မြူးနစ်အသင်းကို အောင်မြင်သောအသင်းတစ်သင်းအဖြစ် ဆက်လက်ထိန်းထားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း နည်းပြသစ်ဖြစ်လာသော ဂွါဒီယိုလာက ပြောကြားလိုက်သည်။ ၎င်းသည် နည်းပြ ဟေးနက်နေရာတွင် ဆက်ခံခဲ့ခြင်းဖြစ်သည်။ နည်းပြသစ်ဖြစ်လာသော ဂွါဒီယိုလာက ဘိုင်ယန်မြူးနစ်ကို ဆက်လက်အောင်မြင်မှုရရှိအောင် ကြိုးစားသွားမည်ဟု ဆိုသည်။ မိမိအနေဖြင့် ပြီးခဲ့သောရာသီက အောင်မြင်မှုများကို ဆက်လက်ထိန်းထားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း ဘာစီလိုနာအသင်းကို ဖလားအားလုံး ဆွတ်ခူးပေးခဲ့သော ၄၂ နှစ်အရွယ်ရှိ ဂွါဒီယိုလာက ပြောသည်။ ၎င်းကို ဘိုင်ယန်မြူးနစ်က သုံးနှစ်စာချုပ်ထားသည်။

ကောင်းမြတ်သူ စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

စပိန်တို့နိုင်ပွဲရတဲ့ ကမ္ဘာ့ဖလား ယူ-၂၀ အုပ်စုပွဲ

ကမ္ဘာ့ဖလား ယူ-၂၀ ဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေကို ဇွန် ၂၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ အုပ်စု (A)မှာ စပိန်တို့နိုင်ပွဲရရှိခဲ့ပေမယ့် ပြင်သစ်နဲ့ အမေရိကန်တို့က သရေပွဲဖြစ်ခဲ့ပါတယ်။ စပိန်အသင်းကတော့ ချန်ပီယံဖြစ်မယ့်အသင်းလို့ ရေပန်းစားမှု တစ်ရှိန်ထိုးမြင့်တက်လာပြီဖြစ်ပါတယ်။

စပိန်နှင့် ဂါနာ

စပိန်လူငယ်အသင်းဟာ အသင်းလိုက်ခြေစွမ်းထက်မြက်ပြီး အုပ်စုဖွဲ့ကစားအားလည်း ကောင်းတာမို့ ဂါနာအသင်းဟာ အားမတန်လို့ မာန်လျှော့ခဲ့ရခြင်း ဖြစ်ပါတယ်။ စပိန်အသင်းဟာ ကွင်းလယ်ကစားအားကောင်းပြီး အပေးအယူအချိတ်အဆက်မိမိကစားနိုင်ခဲ့လို့ ပွဲချိန် ၁၃ မိနစ်မှာ ရိုဒရီကွက်ဇ်က ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ဂါနာအသင်းဟာ စပိန်တိုက်စစ်ကို ဟန့်တားရင်း ချေပဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် အဆုံးသတ်မသေချာလို့ ချေပဂိုးမရရှိခဲ့ပါဘူး။ ဂါနာအသင်းရဲ့ တိုက်စစ်မှူးတွေဟာ စပိန်နောက်တန်းကို နေရာစုံက ထိုးဖောက်ကစားခဲ့ပေမယ့် စပိန်ခံစစ်မှူးတွေက အမှားအယွင်းနည်းနည်းနဲ့ ကစားခဲ့တာကြောင့် ချေပဂိုးနဲ့ ဝေးပြီး ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

စပိန်အသင်းဟာ အခုပွဲအနိုင်ရရှိခဲ့လို့ အုပ်စု (A)မှာ နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်ရပြီး အုပ်စုထိပ်ဆုံးနေရာမှာ ရပ်တည်နေပါတယ်။ ဂါနာတို့က နှစ်ပွဲကစား၊ နှစ်ပွဲရှုံးနဲ့ အုပ်စု (A)နောက်ဆုံးနေရာမှာ ရပ်တည်နေပါတယ်။

ပြင်သစ်နှင့် အမေရိကန်

ပြင်သစ်အသင်းဟာ အမေရိကန်ကို အနိုင်ရအောင်ကစားဖို့ ခက်ခဲခဲ့ပါတယ်။ ပြင်သစ်အသင်းရဲ့ တောင်ပံတိုက်စစ်တွေကို အမေရိကန်ခံစစ်မှူးတွေ ခက်ခက်ခဲခဲဟန့်တားခဲ့ရပါတယ်။ ပြင်သစ်အသင်းရဲ့ တစ်ဂိုးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၉ မိနစ်မှာ ဆာနိုရိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အမေရိကန်အသင်းဟာ ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ ချေပဂိုးရရှိရေး ကြိုးစားခဲ့တာမို့ ပြင်သစ်တို့လည်း ခုခံဟန့်တားမှုတွေ ကြိုးစားပြုလုပ်ခဲ့ရပါတယ်။ ပွဲချိန် ၈၅ မိနစ်မှာ ကီဗာက်စ်က ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့လို့ ပွဲအပြီးမှာ တစ်ဂိုးစီရလဒ်နဲ့ ကျေနပ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ ပြင်သစ်တို့ သရေပွဲဖြစ်ခဲ့လို့ အုပ်စု (A)မှာ နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရပြီး အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အမေရိကန်တို့က နှစ်ပွဲကစား၊ တစ်မှတ်ရပြီး တတိယနေရာမှာ ရပ်တည်နေပါတယ်။

အုပ်စု (B)ရဲ့ ကျူးဘားနဲ့ နိုင်ဂျီးရီးယားတို့ပွဲမှာ နိုင်ဂျီးရီးယားတို့က သုံးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ပေါ်တူဂီနဲ့ တောင်ကိုရီးယားတို့ပွဲမှာ နှစ်ဂိုးစီသရေဖြစ်ခဲ့ပါတယ်။ အုပ်စု (B)မှာ ပေါ်တူဂီဟာ နှစ်ပွဲကစား လေးမှတ်နဲ့ အုပ်စုပထမ၊ တောင်ကိုရီးယားက နှစ်ပွဲကစား လေးမှတ်နဲ့ ဒုတိယ၊ နိုင်ဂျီးရီးယားက နှစ်ပွဲကစား သုံးမှတ်နဲ့ တတိယနေရာမှာ အသီးသီးရပ်တည်နေတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်ကို အာဆင်နယ်က ပေါင် ၂၂ သန်းဖြင့်ခေါ်ယူစာချုပ်တော့မည်ဖြစ်သည်။
- အဲဗာတန်ကခေါ်ယူရန်ကြိုးစားနေသည့် ဝီဂန်တိုက်စစ်မှူး ကိုနေကိုနေ့ဝှစ်ကလည်း ဈေးပိုပေး၍ ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- ဆွမ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကစားသမားအသစ်လေးဦးခေါ်ယူမည်ဖြစ်သည်။
- ဆားဘီးယားနောက်ခံလူ ကောချီရာကို အာဆင်နယ်က စာချုပ်နိုင်ရေး ကြိုးစားနေသည်။
- မန်ယူအသင်းသည် ကွင်းလယ်ကစားသမား သီရာဂိုကိုခေါ်ယူနိုင်ရေးကြိုးစားနေသော်လည်း ဘာစီလိုနာက စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်ရေး စီစဉ်လျက်ရှိသည်။
- ဆဲလ်တစ်ကွင်းလယ်ကစားသမားစမ်ယာမာသည် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။
- စတုတ်အသင်းမှအသက် ၂၈ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဝီလ်ဆင်ကို စပါးက ပေါင်ခြောက်သန်းဖြင့် စာချုပ်တော့မည်ဖြစ်သည်။
- အသက် ၂၈ နှစ်အရွယ်ရှိ ဘာမင်ဂမ်အသင်းနောက်ခံလူ ဒေးဗစ်ကို ဟားလ်စီးတီးအသင်းက ခေါ်ယူမည်ဖြစ်သည်။
- ဆောက်သမ်တန်နည်းပြ ပိုချီတီနိုက ရှီးမားတိုက်စစ်မှူးအော်ဗာဒိုကို ခေါ်ယူနိုင်ရေးကမ်းလှမ်းထားသည်။
- လီဗာပူးပိုင်ရှင်ဖန်ဝေးက ဂိုးသမားရေးနာကို ထွက်ခွာခွင့်ပေးမည်ဖြစ်ပြီး ဆန်းဒါးလန်းဂိုးသမား ဆီမွန်ကို ပေါင် ၉ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။

ဝါဆိုဦးအကြို ဓမ္မရံသီဆရာတော်(မိုးကုတ်)အထူးတရားတော်များ ဟောကြားမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ မိဘရိပ် သာသနာ့ဗိမာန်တော်ကြီး၌ မိဘရိပ်မိသားစု၏ ပင့်လျှောက်ချက်အရ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် မန္တလေး၊ မုံရွာ၊ မိုးကုတ် ဓမ္မရံသီမိုးကုတ်ဝိပဿနာပြန့်ပွားရေးဌာနများ၏ နာယကချုပ် ဗဟုဇနဟိတဓရ ဓမ္မကထိက နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ဓမ္မရံသီဆရာတော် ဦးသုနန္ဒမထေရ်မြတ်မှ ခန္ဓာဉာဏ်ရောက် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားအလှူခံကြွရောက်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူဦးနိုင်ဦး(မိဘရိပ်) ဇနီး အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ သီတဂူ ဒေါ်အေးသိန်း
သားကြီး မောင်ထက်နေဦး၊ သားငယ် မောင်ညွန့်ဝင်းနိုင်၊ သားထွေး မောင်ထက်နိုင်ဝင်း(ခ)ခွန်ရွှေမြင့် မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ်သစ်စက်မိသားစု

“ရှိသေစွာ ပင့်လျှောက်အပ်ပါသည် အကျိုးတော်ဆောင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား

အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်မည့် ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဩဝါဒခံယူပွဲနှင့် တွေ့ဆုံညှိနှိုင်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ပင့်လျှောက်အပ်ပါသည် အရှင်မြတ်တို့ဘုရား

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်သို့ ၂၆-၆-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီအရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါသည် ဘုရား”

ဖြစ်မြောက်ရေးအကျိုးတော်ဆောင်များ

ပြင်ဆင်ဖတ်ရှုပါရန်

